Burmese | မြန်မာ

# ကလေးဘေးကင်းစေရေးစံနှုန်းများအတွက် လမ်းညွှန်အကျဉ်း

ပုံစံမူ ၁.၁၀ • ဧပြီလ ၂၀၂၃

COMMISSION FOR CHILDREN AND YOUNG PEOPLE

ကလေးနှင့်လူငယ်များဆိုင်ရာကော်မရှင်

# မာတိကာ


နောက်ခံသမိုင်း ..... 3

ဤလမ်းညွှန်ကို အသုံးပြုပုံ ..... 4

စံနှုန်း ၁– အဖွဲ့အစည်းများသည် အာဘော်ရီဂျင်နယ်ကလေးနှင့် လူငယ်များ၏ မတူကွဲပြားပြီး တမူထူးခြားသော ကိုယ်ပိုင်လက္ခဏာများနှင့် အတွေ့အကြုံများကို လေးစားတန်ဖိုးထားပြီး ယဉ်ကျေးမှုကို မထိခိုက်သော ပတ်ဝန်းကျင်တစ်ခုကို ထူထောင်ရမည်။ ..... 6

စံနှုန်း ၂– ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်ရေးကို အဖွဲ့အစည်းဆိုင်ရာ ခေါင်းဆောင်မှု၊ အုပ်ချုပ်မှုနှင့် ယဉ်ကျေးမှုတို့တွင် ထည့်သွင်းထားရမည် ..... 12

စံနှုန်း ၃– ကလေးနှင့် လူငယ်များသည် ၎င်းတို့၏ အခွင့်အရေးများနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်ရှိသည့်အပြင်၊ ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များတွင် ပါဝင်ပြီး အလေးအနက် မှတ်ယူသည်။ ..... 16

စံနှုန်း ၄ – မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများအား ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးကို မြှင့်တင်ရာတွင် အသိပေးပြီး ပါဝင်ဆောင်ရွက်စေရမည်။ ..... 20

စံနှုန်း ၅– တန်းတူညီမျှမှုကို ထိန်းသိမ်းထားပြီး မူဝါဒနှင့် အလေ့အကျင့်များတွင် မတူကွဲပြားမှုကို အလေးထားရန် လိုအပ်သည် ..... 23

စံနှုန်း ၆ – ကလေးလူငယ်များအတွက် လုပ်ကိုင်နေသောသူများမှာ ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး တန်ဖိုးများကို လက်တွေ့တွင် ထင်ဟပ်လာစေရာတွင် သင့်တော်ပြီး ပံ့ပိုးပေးရမည်။ ..... 27

စံသတ်မှတ်ချက် ၇ – တိုင်ကြားရေးနှင့် စိုးရိမ်မှုများဆိုင်ရာ လုပ်ငန်းစဉ်များသည် ကလေးကို ဦးတည်အလေးပေးပါသည် ..... 31

စံနှုန်း ၈ – ကလေးလူငယ်များကို ဘေးကင်းအောင် စောင့်ရှောက်ရာတွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို စဉ်ဆက်မပြတ် ပညာရေးနှင့် သင်တန်းများမှတစ်ဆင့် အသိပညာ၊ စွမ်းရည်များနှင့် အသိရှိမှုများကို ဖြည့်စည်းပေးရမည် ..... 35

စံနှုန်း ၉ – ကလေးများနှင့် လူငယ်များအတွက် ဘေးအန္တရာယ် ကျရောက်နိုင်သည့် အခွင့်အလမ်းကို လျှော့ချပေးရာတွင် ရုပ်ပိုင်းနှင့် အွန်လိုင်းပတ်ဝန်းကျင်များသည် ဘေးကင်းလုံခြုံစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးကို မြှင့်တင်ပေးသည် ..... 38

စံနှုန်း ၁၀– ကလေးသူငယ်ဘေးကင်းစေရေးစံနှုန်းများ အကောင်အထည်ဖော်ဆောင်ရေးကို မှန်မှန် သုံးသပ်ပြီး တိုးတက်စေရမည် ..... 42

စံနှုန်း ၁၁– မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် အဖွဲ့အစည်းတွင် ကလေးနှင့် လူငယ်များ ဘေးကင်းကြောင်း မှတ်တမ်းတင်ခြင်း ဖြစ်သည်။ ..... 45

# နောက်ခံသမိုင်း

ကလေးများသည် စိတ်အေးချမ်းသာစွာ ဘေးကင်းနေနိုင်ခွင့် ရှိသော်လည်း ဘေးကင်းမှုသည် အလိုလို မဖြစ်လာပါ။

မကြာသေးမီနှစ်များတွင် ကျွန်တော်တို့သည် ခံစားလွန်မြောက်လာသူများမှ ကြားသိချက်များနှင့် ဗစ်တိုးရီးယားလွှတ်တော်၏ *ယုံကြည်မှုအပေါ် သစ္စာဖောက်ခြင်း* စုံစမ်းစစ်ဆေးမှုနှင့်[1] ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုအား အဖွဲ့အစည်းများ၏ တုံ့ပြန်မှုများအပေါ် တော်ဝင်ကော်မရှင်[2] (တော်ဝင်ကော်မရှင်) အပါအဝင် စုံစမ်းစစ်ဆေးမှုများ၏ အကျိုးကျေးဇူးကို ရရှိခဲ့ပါသည်။ ဤကြားသိစုံစမ်းချက်များတွင် အဖွဲ့အစည်းများအတွင်း ညှင်းပန်းနှိပ်စက်မှုများ တားဆီးရန် မှန်ကန်သည့် လေ့ကျင့်ပျိုးထောင်မှု၊ စနစ်များ၊ လုပ်ငန်းစဉ်များနှင့် နားလည်မှုများ မရှိသောအခါ ကလေးများအပေါ် လွန်ကျူးစွာ ထိခိုက်နစ်နာသော အတိုင်းအတာကို ဖော်ပြထားသည်။

ကလေးဘေးကင်းစေသော အဖွဲ့အစည်းသည် ကလေးများအား ရုပ်ပိုင်း၊ လိင်ပိုင်း၊ စိတ်ခံစားမှုပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုနှင့် လျစ်လျူရှုမှုတို့မှ ကာကွယ်ရန် ရည်ရွယ်သောအဆင့်များ ဆောင်ရွက်ထားရှိပါသည်။ ၎င်းသည် ကလေးများ၏ ဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်စေရေးကို ဦးစားပေးပြီး အဖွဲ့အစည်း၏ အခန်းကဏ္ဍတိုင်းတွင် ကလေးဘေးကင်းစေရေးအတွက် တာဝန်ယူချက်ကို ထည့်သွင်းထားပါသည်။

ဗစ်တိုးရီးယားပြည်နယ်၏ မဖြစ်မနေလိုက်နာရမည့် ကလေးဘေးကင်းစေရေးစံနှုန်းများ (စံနှုန်းများ) သည် ၂၀၁၆ ခုနှစ်မှစ၍ အကျိုးသက်ရောက်ပါသည်။

တော်ဝင်ကော်မရှင်အပြီးနောက်ပိုင်းတွင် ဗစ်တိုးရီးယားအစိုးရက စံနှုန်းများကို ပြန်လည်သုံးသပ်ခဲ့ပါသည်။[3] ဤပြန်လည်သုံးသပ်ချက်အရ စံနှုန်းများအား လိုက်လျောစွာထောက်ခံမှုကို တွေ့ခဲ့ပြီး ကလေးဘေးကင်းစေသောအဖွဲ့အစည်းများအတွက် နိုင်ငံလုံးဆိုင်ရာမူပိုင်းဆိုင်ရာ စည်းကမ်းများနှင့် ပိုမို လိုက်လျောညီစေရန်နှင့် စံနှုန်းများအား စီမံခန့်ခွဲမှုကို ပိုမိုခိုင်မာစေရန်အတွက် ပြောင်းလဲချက်များကို အကြံပြုခဲ့ပါသည်။

ဤအကြံပြုချက်များနှင့်အညီ ၂၀၂၁ ခုနှစ်တွင် ဗစ်တိုးရီးယားအစိုးရမှ မွမ်းမံပြင်ဆင်ထားသော စံနှုန်းများကို ထုတ်ပြန်ခဲ့ပါသည်။ ဤစံနှုန်းများတွင် မွမ်းမံထားသော စံနှုန်း ၁၁ ချက် ပါရှိပြီး၊ ၂၀၂၂ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မှစ၍ သက်ရောက်ခဲ့ပါသည်။

ဤစံနှုန်းများကို အကောင်အထည်ဖော်ရာတွင် အဖွဲ့အစည်းများသည် လက်ရှိအချိန်အထိ ၎င်းတို့၏ ကြိုးပမ်းအားထုတ်မှုများကို ပြန်လည်သုံးသပ်ရန် အခွင့်အရေးရှိပြီး၊ ကလေးများအား ထိခိုက်နစ်နာမှုနှင့် ညှင်းပန်းနှိပ်စက်မှုမှ ကင်းဝေးစေရန် ၎င်းတို့၏ စွမ်းဆောင်အားကို ဆက်လက်တည်ဆောက်ရန် အခွင့်အရေးရှိပါသည်။

[1] မိသားစုနှင့် လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ ၊ ဗစ်တိုးရီးယားလွှတ်တော် ၊ ယုံကြည်မှုအပေါ် သစ္စာဖောက်ခြင်း – ဘာသာရေးနှင့် အခြားအစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ ကလေးသူငယ် ညှင်းပန်းနှိပ်စက်မှုကို စီမံခန့်ခွဲခြင်းအပေါ် စုံစမ်းစစ်ဆေးခြင်း၊ ဗစ်တိုးရီးယား ၂၀၁၃၊ ၂: စာ ၂၆၂။

[2] ဩစတြေးလျ ခနသဟာယနိုင်ငံ၊ ကလေးသူငယ် လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုအား အဖွဲ့အစည်းများ၏တုံ့ပြန်မှုများအပေါ် တော်ဝင်ကော်မရှင်၊ ၂၀၁၇။

[3] ကျန်းမာရေးနှင့်လူ့ဝန်ဆောင်မှုဌာန၊ ဗစ်တိုးရီးယားနေ ကလေးများအတွက် ဘေးကင်းစေရေးစံနှုန်းများ ပြန်လည်သုံးသပ်ချက် ၊ ၂၀၁၉။

# ဤလမ်းညွှန်ကို အသုံးပြုပုံ

ဤလမ်းညွှန်သည် စံနှုန်းတစ်ခုစီကို အကျဉ်းချုပ် ဖော်ပြထားပြီး၊ စံနှုန်းတစ်ခုစီကို လိုက်နာရာတွင် အဖွဲ့အစည်းများအား အကူအညီပေးမည့် မျှော်မှန်းချက်ရလဒ်များ ၊ အနည်းဆုံး လိုအပ်ချက်များနှင့် လိုက်နာမှုညွှန်းကိန်းများကို ဖော်ပြထားပါသည်။ အဖွဲ့အစည်းများအနေဖြင့် ဤစံနှုန်းများကို လိုက်နာနိုင်ရန် လမ်းညွှန်ချက်အသေးစိတ်များကို ကလေးများနှင့် လူငယ်များဆိုင်ရာ ကော်မရှင်၏ ကလေး ဘေးကင်းစေသော အဖွဲ့အစည်းတစ်ခု ဖန်တီးရေးလမ်းညွှန်တွင် ထည့်သွင်းဖော်ပြထားပါသည်။

ဤစံနှုန်းတစ်ခုစီကို အဖွဲ့အစည်းများအနေဖြင့် ရရှိရမည့် မျှော်လင့်ချက်**ရလဒ်**တစ်ခု၏ ကြေညာချက်အဖြစ် ဖော်ပြထားပါသည်။ ဥပမာအားဖြင့် စံနှုန်း ၃ တွင် "ကလေးများနှင့် လူငယ်များအား ၎င်းတို့၏ အခွင့်အရေးများနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်ပေးထားပြီး၊ ၎င်းတို့အပေါ် ထိခိုက်စေသော ဆုံးဖြတ်ချက်များတွင် ပါဝင်ရန်နှင့် အလေးအနက်ထားရန်’ လိုအပ်သည်။

စံနှုန်းတစ်ခုစီတွင် အဖွဲ့အစည်းများမှ ဖြည့်ဆည်းပေးရမည့် **အနည်းဆုံး လိုအပ်ချက်များ** ပါဝင်ပါသည်။ ဤစံနှုန်းအသစ်များသည် အဖွဲ့အစည်းများအား ရည်ရွယ်ချက်ရလဒ်များကို ဖြည့်ဆည်းရာတွင် လမ်းညွှန်ချက်ကောင်းများ ပေးပြီး၊ ပြုပြင်နိုင်ခွင့်ကိုလည်း ခွင့်ပြုထားပါသည်။

စံနှုန်းတစ်ခုစီအတွက် ကလေးများနှင့် လူငယ်များဆိုင်ရာကော်မရှင် (ကော်မရှင်)မှ သင်၏ အဖွဲ့အစည်းအနေဖြင့် ဤအနည်းဆုံးလိုအပ်ချက်များကို ဖြည့်ဆည်းပေးနေကြောင်း ပြသမည့် လုပ်ဆောင်ချက်များနှင့် စာရွက်စာတမ်းများ စာရင်းတစ်ခုကို ပေးထားပါသည်။ ၎င်းတို့ကို **လိုက်နာမှု ညွှန်းကိန်းများ**ဟု ခေါ်ပါသည်။ လိုက်နာမှုရှိမရှိ စစ်ဆေးသည့်အခါ၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များသည် မည်သည်တို့ကို ရှာဖွေကြောင်းနှင့် ပတ်သက်၍ အဖွဲ့အစည်းများမှ အကြံဉာဏ်တောင်းခံထားသည့် မှတ်ချက်များအရ လိုက်နာမှုညွှန်းကိန်းများကို ဖော်ဆောင်ခဲ့ပါသည်။ လိုက်နာမှုညွှန်းကိန်းများသည် ပုံမှန်အားဖြင့် အညွှန်းကိန်းနောက်ရှိ ဝိုက်ကွင်းများထဲတွင် ပြသထားသေ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အနည်းဆုံးလိုအပ်ချက်များနှင့် လိုက်လျောညီထွေမှု ရှိရပါမည်။

အဖွဲ့အစည်းများသည် စာရင်းပါ စာရွက်စာတမ်းများကို ပြသနိုင်ပြီး အခန်းတစ်ခုစီရှိ **လိုက်နာမှုညွှန်းကိန်းများ**အရ သတ်မှတ်ထားသော လုပ်ဆောင်ချက်များ လုပ်ဆောင်ထားပါက၊ ထိုအဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် စံနှုန်းများနှင့် လိုက်နာပါသည်။ သို့သော် သင်၏ အဖွဲ့အစည်းအနေဖြင့် **ရလဒ်**နှင့် **အနည်းဆုံးလိုအပ်ချက်များ**ကို ရရှိစေမည့် ကိုင်တွယ်ဖြေရှင်းနည်းသည် စံနှုန်းတစ်ခုစီတွင် သတ်မှတ်ထားသည့်အတိုင်း ရှိစေရမည်။

ဤစံနှုန်းများမှာ ကျယ်ပြန့်ပြီး ကွဲပြားသော အဖွဲ့အစည်းများအတွက် အကျိုး သက်ရောက်သောကြောင့် ဤလမ်းညွှန်သည် ယေဘုယျသဘောသာ ဖြစ်ပါသည်။ သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ **ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့်** မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။

ဤကော်မရှင်အပါအဝင် ဗစ်တိုးရီးယားရှိ စံနှုန်းများအတွက် ပူးတွဲ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ခြောက်ခုရှိပြီး သင်၏ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ကို ဤကော်မရှင်၏ ဝက်ဘ်ဆိုက်တွင် ရှာဖွေနိုင်သည်။ ကလေးများအတွက် ဝန်ဆောင်မှုအမျိုးမျိုး ပံ့ပိုးပေးသော အဖွဲ့အစည်းအချို့တွင် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ တစ်ခုထက် ပိုရှိနိုင်ပါသည်။ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့အချို့သည် ၎င်းတို့ စည်းကမ်းထိန်းသိမ်းသော ကဏ္ဍများနှင့် အဖွဲ့အစည်းများအတွက် တိကျသော လမ်းညွှန်ချက်များကို ထုတ်ပြန်ထားပါသည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ လမ်းညွှန်ချက်သည် သင်၏ ကဏ္ဍအပေါ် သက်ရောက်မှုရှိပြီး ဤလမ်းညွှန်နှင့် မတူသောအခါ၊ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် သင်၏ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

ဤစံနှုန်းများကို အကောင်အထည်ဖော်ပုံနှင့် ကလေးများ၏ ဘေးကင်းစေရေးကို ဦးစားပေးပုံ အကြောင်း ပိုမိုသိရှိလိုပါက ကလေး ဘေးကင်းစေသော အဖွဲ့အစည်းတစ်ခု ဖန်တီးရန် လမ်းညွှန်ကို ဖတ်ပါ။

**ဝေါဟာရ –** ဤလမ်းညွှန်ရှိ အာဘော်ရီဂျင်နယ် ဝေါဟာရသည် အာဘော်ရီဂျင်နယ်နှင့် တောရက်စ်ရေလက်ကြားကျွန်းသားများ အကျုံးဝင်ပါသည်။ ကျွန်တော်တို့သည် ကလေးနှင့် အသက် ၁၈ နှစ်အောက်လူငယ် နှစ်မျိုးစလုံးအတွက် ကလေး သို့မဟုတ် ကလေးများဟူသည့် ဝေါဟာရကို အသုံးပြုပါသည်။ ဤလမ်းညွှန်ချက်တွင် အဖွဲ့အစည်းတစ်ခုသည် ကလေးများအတွက် အလုပ်လုပ်သော သို့မဟုတ် စေတနာ့ဝန်ထမ်းအလုပ် လုပ်သော စီးပွားရေးမဆို သို့မဟုတ် အဖွဲ့ မဆို ဖြစ်သည်။

# စံနှုန်း ၁– အဖွဲ့အစည်းများသည် အာဘော်ရီဂျင်နယ်ကလေးနှင့် လူငယ်များ၏ မတူကွဲပြားပြီး တမူထူးခြားသော ကိုယ်ပိုင်လက္ခဏာများနှင့် အတွေ့အကြုံများကို လေးစားတန်ဖိုးထားပြီး ယဉ်ကျေးမှုကို မထိခိုက်သော ပတ်ဝန်းကျင်တစ်ခုကို ထူထောင်ရမည်။

**ကလေးသူငယ် ဘေးကင်းလုံခြုံမှုစံနှုန်း ၁ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၁.၁ ကလေးများ၏ယဉ်ကျေးမှုကို ဖော်ပြရန်နှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများကို ရရှိရန် ကလေးတစ်ဦး၏စွမ်းရည်ကို အားပေးပြီး တက်ကြွစွာ ထောက်ပံ့ရမည်။

၁.၂ အာဘော်ရီဂျင်နယ်ယဉ်ကျေးမှု၏ စွမ်းအားများကို အသိအမှတ်ပြုလေးစားရန်နှင့် အာဘော်ရီဂျင်နယ်ကလေးနှင့် လူငယ်များ၏ ကျန်းမာပျော်ရွှင်ရေးနှင့် ဘေးကင်းစေရေး၏ အရေးပါမှုကို နားလည်ရန် အဖွဲ့ဝင်များအားလုံးကို ပံ့ပိုးပေးထားသော မဟာဗျူဟာများကို အဖွဲ့အစည်းအတွင်းတွင် ထည့်သွင်းထားရမည်။

၁.၃ အဖွဲ့အစည်းအတွင်း လူမျိုးရေးခွဲခြားမှုကို ဖော်ထုတ်ခြင်း၊ ရင်ဆိုင်ဖြေရှင်းခြင်းနှင့် လက်မခံခြင်းတို့ကို သေချာစေရန် အဖွဲ့အစည်းက အစီအမံများ ချမှတ်ထားရမည်။ လူမျိုးရေးခွဲခြားမှုဆိုင်ရာ မည်သည့်ကိစ္စမဆို သင့်လျော်သော အကျိုးဆက်များဖြင့် ကိုင်တွယ်ဖြေရှင်းရမည်။

၁.၄ အဖွဲ့အစည်းသည် အာဘော်ရီဂျင်နယ် ကလေးများ၊ လူငယ်များနှင့် ၎င်းတို့၏ မိသားစုများ ပါဝင်မှုနှင့် ထည့်သွင်းမှုများကို တက်ကြွစွာ ထောက်ပံ့ပေးပြီး လွယ်ကူချောမွေ့စေရမည်။

၁.၅ အဖွဲ့အစည်း၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ ၊ စနစ်များနှင့် လုပ်ငန်းစဉ်များအားလုံးသည် ယဉ်ကျေးမှုကို မထိခိုက်ဘဲ အားလုံးပါဝင်သော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပြီး အာဘော်ရီဂျင်နယ်ကလေးများ၊ လူငယ်များနှင့် ၎င်းတို့ ၏ မိသားစုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။

## အဓိကအချက်များ

- သင်၏ အဖွဲ့အစည်းတွင် ပါဝင်လှုပ်ရှားကြသောအခါ ကလေးများအားလုံးသည် ဘေးကင်းမှုရှိသည်ဟု ခံစားရပြီး ဘေးကင်းစေရေးကို သေချာစေရမည် ။ ၎င်းတို့တွင် အာဘော်ရီဂျင်နယ်ကလေးများလည်း[4] ပါဝင်သည်။
- အာဘော်ရီဂျင်နယ်ကလေးများအတွက် ယဉ်ကျေးမှုကို မထိခိုက်စေခြင်းကို အဓိပ္ပါယ် ဖွင့်ဆိုရာတွင် 'ကလေးများအား ၎င်းတို့၏တည်ရှိခြင်းကို အနှောင့်အယှက် မဖြစ်စေပြီး ဘာသာရေးနှင့် ယုံကြည်မှုဆိုင်ရာ … ယဉ်ကျေးမှုကို ကျင့်သုံးနိုင်သည့်အပြင်၊ အာဘော်ရီဂျင်နယ်သဘာဝကို အလေးထားသော … စောင့်ရှောက်သူဖြင့် ပံ့ပိုးပေးထားခြင်းဖြင့် ကလေးများ၏ တည်ရှိခြင်းနှင့် စရိုက်လက္ခဏာကို အားပေးပြီး ဘေးကင်းစွာ ပြုစုပျိုးထောင်ပေးမည့် အပြုသဘောဆောင်သည့် ပတ်ဝန်းကျင်တစ်ခုကို ထောက်ပံ့ပေးခြင်း' ဟု ဖွင့်ဆိုပါသည်။[5]
- ယဉ်ကျေးမှုကို မထိခိုက်စေခြင်းကို ရရှိနိုင်ရန်အတွက် အာဘော်ရီဂျင်နယ်လူမျိုးများ အထူးသဖြင့် အာဘော်ရီဂျင်နယ် ကလေးများက အဖွဲ့အစည်းအား တွေ့မြင်ခံစားပုံကို နားလည်ရန် ပါဝင်သည်။

---

[4] ဤလမ်းညွှန်ရှိ 'အဘော်ရီဂျင်နယ်'ဆိုသည့် ဝေါဟာရတွင် အာဘော်ရီဂျင်နယ်နှင့် တောရက်စ်ရေလက်ကြားကျွန်းသားများ ပါဝင်ပါသည်။

[5] SNAICC၊ ယဉ်ကျေးမှုဆိုင်ရာလုံခြုံရေး၊ ၂၀၂၁။

- အာဘော်ရီဂျင်နယ်လူမျိုးများတွင် သီးခြားသမိုင်းကြောင်းနှင့် အတွေ့အကြုံများရှိပြီး အာဘော်ရီဂျင်နယ်လူမျိုးများ၏ တမူထူးခြားသော အခန်းကဏ္ဍအား မူလနိုင်ငံသားများအဖြစ် အသိအမှတ်ပြုရန် အရေးကြီးပါသည်။
- အာဘော်ရီဂျင်နယ်အဖြစ် သတ်မှတ်ခြင်းသည် ကလေး စရိုက်လက္ခဏာ၏ အစိတ်အပိုင်း တစ်ခုဖြစ်သည်။ လူတစ်ဦးတိုင်းကဲ့သို့ အာဘော်ရီဂျင်နယ်လူမျိုးများတွင် မတူညီသော အတွေ့အကြုံများနှင့် စရိုက်လက္ခဏာများ ရှိကြပါသည်။ အဖွဲ့အစည်းများအနေဖြင့် လူတစ်ဦးချင်းစီသည် ကိုယ်ပိုင်စရိုက်လက္ခဏာများ၊ စွမ်းအားများနှင့် စိန်ခေါ်မှုများရှိသည်ကို အသိအမှတ်ပြုသော အထောက်အကူပြုပတ်ဝန်းကျင်များကို အာဘော်ရီဂျင်နယ်ကလေးများအတွက် ထောက်ပံ့ပေးရမည်။
- ယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာများသည် ဆက်စပ်နေပြီး အာဘော်ရီဂျင်နယ်ကလေးများအား ၎င်းတို့၏ စရိုက်လက္ခဏာတွင် ခိုင်မာသောခံစားချက်ကို ထောက်ပံ့ခြင်းအားဖြင့် ၎င်းတို့၏ ယဉ်ကျေးမှုအခွင့်အရေးများကို ခံစားရစေရန်လည်း ကူညီပေးရမည်။
- ၎င်းတို့၏ ယဉ်ကျေးမှု စရိုက်လက္ခဏာကို ဖော်ပြနိုင်ခြင်းသည် အာဘော်ရီဂျင်နယ် ကလေးများအား ပိုမိုအားကောင်းပြီး ပိုမိုလုံခြုံစေပါသည်။[6] ယင်းမှာ အကြောင်းအမျိုးမျိုးအတွက် အရေးကြီးပါသည်။ ကလေးသူငယ်ညှင်းပန်းနှိပ်စက်မှု ကာကွယ်ရေးအတွက် ၎င်းတို့တည်ရှိခြင်းနှင့် ၎င်းတို့၏ ယဉ်ကျေးမှုကိုဖော်ပြခြင်းကို ဖော်ပြရန် ဘေးကင်းသည်ဟု မခံစားရသောအခါ အခြားသူများက ၎င်းတို့ကို ညှင်းပန်းနှိပ်စက်နိုင်သည့် အန္တရာယ်မြင့်မားခြင်းနှင့် ၎င်းတို့မှ ညှင်းပန်းနှိပ်စက်မှုကို တိုင်ကြားလိုစိတ် နည်းပါးခြင်းတို့ကြောင့် ၎င်းသည် အရေးကြီးပါသည်။[7]
- ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများသည် ကလေးတစ်ဦးချင်းစီ၏ အခွင့်အရေးများဖြစ်ပြီး၊ တစ်ဦးချင်းဖြစ်စေ သို့မဟုတ်၊ အဖွဲ့တစ်ခုတွင်ပါဝင်၍ဖြစ်စေ ၎င်းတို့၏ သမိုင်းနောက်ခံ၊ ဓလေ့ထုံးတမ်းများ ၊ လူမှုရေးအပြုအမူများ ၊ ဘာသာစကား ၊ ဘာသာရေး သို့မဟုတ် အယူဝါဒ၊ သက်ဝင်ယုံကြည်မှုများ၊ လူနေမှုပုံစံများကို ဖွံ့ဖြိုးတိုးတက်နိုင်ခွင့်နှင့် ဖော်ပြနိုင်ခွင့် ဖြစ်ပါသည်။
- အာဘော်ရီဂျင်နယ်လူမျိုးများတွင် ၎င်းတို့၏ စရိုက်လက္ခဏာနှင့် ယဉ်ကျေးမှုများကို ခံစားရန် ၊ ၎င်းတို့၏ ဘာသာစကားသုံးစွဲမှုကို ထိန်းသိမ်းရန်၊ ၎င်းတို့၏ ဆွေမျိုးသားချင်းဆက်ဆံရေးကို ထိန်းသိမ်းရန်၊ ၎င်းတို့၏ မိရိုးဖလာဥပဒေများနှင့် ဓလေ့ထုံးတမ်းများအရ ဆက်နွယ်မှုရှိသည့် မြေ၊ ရေနှင့် အခြားအရင်းအမြစ်များနှင့် ဆက်စပ်ခြင်းကို ထိန်းသိမ်းရန်အတွက် သီးသာထင်ရှားသော ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ ရှိပါသည်။[8]
- သင့်အဖွဲ့အစည်းမှ ဆင်ခြင်သုံးသပ်မှုနှင့် ဆောင်ရွက်မှု ပါဝင်စေရန်မှာ သင့်တာဝန်ဖြစ်ပြီး၊ ယင်းအတွက် ပညာပေးရေး လိုအပ်သည်။
- အာဘော်ရီဂျင်နယ်ယဉ်ကျေးမှုများနှင့် ပတ်သက်၍ သင်ယူခြင်းသည် စဉ်ဆက်မပြတ်လုပ်ငန်း၏ အပိုင်းတစ်ခု ဖြစ်သင့်ပါသည်။ ခေါင်းဆောင်များ၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၊ ကလေးများနှင့် အဖွဲ့အသိုင်းအဝိုင်းရှိ အခြားအဖွဲ့ဝင်များအကြား စိတ်ပါဝင်စားမှုနှင့် နားလည်မှု တည်ဆောက်ပေးရန် အရေးကြီးပါသည်။ အဖွဲ့အစည်းအတွင်း ၎င်းတို့၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများအပေါ် မူတည်၍ ၎င်းတို့ လိုအပ်နိုင်သည့် ပံ့ပိုးမှုပေါင်းစုံကို စဉ်းစားရမည်။

---

[6] ဗစ်တိုးရီးယားပြည်နယ်၊ မိသားစုများ၊ တရားမျှတမှုနှင့် အိုးအိမ်ဌာန၊ Wungurilwil Gapgapduir အာဘော်ရီဂျင်နယ်ကလေးများနှင့် မိသားစုများ သဘောတူမှု၊ ၂၀၁၈၊ စာ ၃၅။

[7] ပီ အင်ဒါဆန်နှင့် အဖွဲ့ ၊ *အဖွဲ့အစည်းများတွင် အာဘော်ရီဂျင်နယ်နှင့် တောရက်စ်ရေလက်ကြား ကျွန်းသားကလေးများနှင့် ကလေး လိင်ညှင်းပန်းနှိပ်စက်မှု၊* [ကလေးလိင်ညှင်းပန်းနှိပ်စက်မှုအား အဖွဲ့အစည်းများမှ ဖြေရှင်းမှုများအတွက် တော်ဝင်ကော်မရှင်သို့ အစီရင်ခံစာ၊] [pdf 1MB]၊ ၂၀၁၇၊ စာ ၃၀-၃၃။

[8] လူ့အခွင့်အရေးများနှင့် တာဝန်များ ပဋိညာဉ်စာတမ်း အက်ဥပဒေ ၂၀၀၆ (ဗစ်တိုးရီးယား)မှ မှီငြမ်းသည်။

- အဖွဲ့အစည်းတစ်ခုအတွင်း ကလေး၏ မိသားစုကို ကြိုဆိုသည်ဟု ခံစားရစေပြီး ပါဝင်ခွင့် ပေးခြင်းသည် ၎င်းတို့၏ ဘေးစေရေးအတွက် အထောက်အကူ ပြုပါသည်။[9] မိသားစုသည် အာဘော်ရီဂျင်နယ် ယဉ်ကျေးမှု ၊ အယူဝါဒနှင့် စရိုက်လက္ခဏာ၏ အခြေခံအုတ်မြစ် ဖြစ်ပါသည်။ အခြားယဉ်ကျေးမှုအချို့ထက် အာဘော်ရီဂျင်နယ်ယဉ်ကျေးမှုများတွင် မိသားစုကို ပိုမိုကျယ်ပြန့်စွာ အဓိပ္ပါယ်ဖွင့်ဆိုထားသည်။[10]
- လူမျိုးရေးခွဲခြားမှုသည် ကလေးများအတွက် ဘေးဖြစ်စေပြီး ၎င်းတို့၏ ကျန်းမာရွှင်လန်းရေးနှင့် ဘေးကင်းစေရေးကို ထိခိုက်စေပါသည်။ ၎င်းသည် ကလေးသူငယ်ညှင်းပန်းနှိပ်စက်မှု တစ်ခု ဖြစ်နိုင်ပါသည်။ ကလေးများနှင့် မိသားစုများသည် သင့်အဖွဲ့အစည်းနှင့် အပြန်အလှန် ဆက်သွယ်နေချိန်တွင် လူမျိုးရေးခွဲခြားမှုကို ကြုံတွေ့နေရပါက၊ သူတို့အနေဖြင့် အခြားစိုးရိမ်ပူပန်မှုများ သို့မဟုတ် တိုင်ကြားချက်များ တင်ပြရန် ယုံကြည်မှုမရှိနိုင်တော့ပါ။ လူမျိုးရေးခွဲခြားမှုနှင့် ပတ်သက်၍ တိုင်ကြားချက်များကို အလေးအနက်ထားပြီး တိကျစွာ တုံ့ပြန်ခြင်းက သင်၏အဖွဲ့အစည်းတွင် လူမျိုးရေးခွဲခြားမှုကို လက်မခံနိုင်ကြောင်း ပြသခြင်း ဖြစ်ပါသည်။
- အာဘော်ရီဂျင်နယ်ယဉ်ကျေးမှုအား ထောက်ခံမှု သို့မဟုတ် အသိအမှတ်ပြုမှုရှိကြောင်း ကျယ်ပြန့်သော ကြေညာချက်များသည် အရေးကြီးသော်လည်း ထိုကြေညာချက်များသက်သက်ဖြင့် ကလေးများအတွက် ဘေးကင်းစေရေး မပေးနိုင်ပါ။ ယဉ်ကျေးမှုကို မထိခိုက်စေရေး ဖန်တီးရာတွင် သင့်အဖွဲ့အစည်း၏ နည်းလမ်းကို အဖွဲ့အစည်းနေရာတိုင်းတွင် ထည့်သွင်းရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ အာဘော်ရီဂျင်နယ်ကလေးများနှင့် မိသားစုများ၏ လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန်နှင့် ဖြည့်ဆည်းရန်အတွက် အဖွဲ့၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ စနစ်များနှင့် လုပ်ငန်းစဉ်များအားလုံးကို ဆိုလိုသည်။

## လိုက်နာမှု ညွှန်းကိန်းများ

**ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။**

ဤစံနှုန်းသည် အာဘော်ရီဂျင်နယ် ကလေးများအတွက် ယဉ်ကျေးမှုကို မထိခိုက်စေရေး သေချာစေရန် အဖွဲ့အစည်းများအပေါ် တာဝန်အသစ်များ သတ်မှတ်ထားသည်။

ယဉ်ကျေးမှုကို မထိခိုက်စေသော ပတ်ဝန်းကျင်တစ်ခု တည်ဆောက်ရာတွင် အချိန်၊ စူးစိုက်နှစ်မြှုပ်မှုနှင့် လေးနက်သော ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပါသည်။ အဖွဲ့အစည်းများသည် စံနှုန်း ၁ နှင့် လိုက်လျောညီထွေ ဖြစ်စေရန် ရေရှည် တာဝန်ယူရမည့်အပြင် လေးနက်သော လုပ်ဆောင်ချက်များ နှစ်စဉ် လိုအပ်ပါသည်။

ဤစံနှုန်းသစ်ကို အောင်မြင်စွာ လိုက်နာရာတွင် အဖွဲ့အစည်းများသည် အဆင့်အမျိုးမျိုးတွင် ရှိနေမည်ကို ဤကော်မရှင်က နားလည်ပါသည်။ အာဘော်ရီဂျင်နယ်ကလေးများအတွက် ယဉ်ကျေးမှုကို မထိခိုက်စေသော ပတ်ဝန်းကျင်တစ်ခုတည်ဆောက်ရန် သိသိသာသာ ကြိုးပမ်းဆောင်ရွက်မှု မရှိသေးသော အဖွဲ့အစည်းများအား ကူညီရန် **အခြေခံအဆင့်များ**ကို ပံ့ပိုးပေးထားပါသည်။ ဤ**အခြေခံအဆင့်များ**သည် စံနှုန်းနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် လုပ်ဆောင်မှု အစီအစဉ်တစ်ခု တည်ဆောက်ရန် လုပ်ဆောင်ရမည့် လုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ရာတွင် အဖွဲ့အစည်းများကို ကူညီပေးပါသည်။

သင်၏ အဖွဲ့အစည်းအနေဖြင့် အာဘော်ရီဂျင်နယ်ကလေးများအတွက် ယဉ်ကျေးမှုကို မထိခိုက်သော ပတ်ဝန်းကျင်တစ်ခု တည်ဆောက်ရာတွင် ကောင်းမွန်စွာ တိုးတက်မှုရှိနေသည်ဟု ယူဆပါက **အခြေခံအဆင့်များ**ကို အာရုံစိုက်ရန် မလိုအပ်ပါ။ ယဉ်ကျေးမှုကိုမထိခိုက်သော အဖွဲ့အစည်းတစ်ရပ် ဖြစ်လာစေမည့် လုပ်ငန်းစဉ် ရှေ့ဆက် ဆောင်ရွက်ရန်အတွက်

---

[9] ဗစ်တိုးရီးယားပြည်နယ်၊ ကျန်းမာရေးနှင့် လူမှုဝန်ဆောင်မှုဌာန၊ Balit Murrup: အာဘော်ရီဂျင်နယ် လူမှုစိတ်ပိုင်းဆိုင်ရာ ကျန်းမာရွှင်လန်းရေးအခြေခံ ၂၀၁၇-၂၀၂၇၊ ၂၀၁၇။

[10] SNAICC၊ မိသားစုနှင့်ဆက်သွယ်မှု။

သင်၏အဖွဲ့အစည်းက လုပ်ဆောင်ထားပြီးဖြစ်သော လုပ်ငန်းစဉ်များကို ဆပ်လက် တည်ဆောက်နိုင်ရန်အတွက် **နောက်ထပ်အဆင့်များ**ကို ထောက်ပံ့ပေးထားပါသည်။

ပထမဦးစွာ ဤကော်မရှင်က **အခြေခံအဆင့်များအား** လိုက်နာခြင်းရှိမရှိကို လေ့လာပါမည်။ မူဝါဒများ ၊ လုပ်ထုံးလုပ်နည်းများနှင့် ထုတ်ပြန်ထားသော လုပ်ဆောင်ချက်များအား ပြောင်းလဲမှုများကို **အခြေခံအဆင့်များ**က ဖော်ပြထားသော်လည်း အဖွဲ့အစည်းများတွင် ဤပြောင်းလဲမှုသည် အချိန်ယူရကြောင်း အသိအမှတ် ပြုပါသည် ။ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်သည် ဤစံနှုန်းကို အတိအကျလိုက်နာသည်အထိ လုပ်ဆောင်မည့် အဖွဲ့အစည်း၏ လမ်းကြောင်းကို အကြမ်းဖျင်း ဖော်ပြသင့်သည်။ **နောက်ထပ်အဆင့်များ**သည် အဖွဲ့အစည်းများအား ဤစံနှုန်းနှင့် အတိအကျလိုက်နာမှုသည် မည်သို့ဖြစ်ရမည်ကို နားလည်ရန် ကူညီပေးသည်။[11]

# အခြေခံအဆင့်များ

## စာရွက်စာတမ်းများ

- အာဘော်ရီဂျင်နယ်ကလေးများ၏ ယဉ်ကျေးမှုကို မထိခိုက်စေရေးအတွက် ထုတ်ပြန်ထားသော လုပ်ဆောင်ချက်ကို အများပြည်သူ ဝင်ရောက် ကြည့်ရှုနိုင်ပြီး ပြသထားပါမည်။ (၁.၁၊ ၁.၄၊ ၁.၅ အပြင် ၅.၄ သို့ လင့်ခ်များ)
- ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်ရေးမူဝါဒအပါအဝင် ကလေးဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်ရေးနှင့် စပ်လျဉ်းသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် အာဘော်ရီဂျင်နယ်ကလေးများအား လေးစားတန်ဖိုးထားခြင်းအတွက် အဖွဲ့အစည်း၏ ကတိကဝတ်ကို ဖော်ပြရမည်။ ဤတွင် အောက်ပါတို့ ပါဝင်သည် –
  - ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးများအား ၎င်းတို့၏ ယဉ်ကျေးမှုကို ဖော်ပြရန်နှင့် ၎င်းတို့၏ ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ရရှိရန် အားပေးပံ့ပိုးရမည်။
  - ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် အာဘော်ရီဂျင်နယ်ကလေးများနှင့် ၎င်းတို့၏ မိသားစုများ ပါဝင်မှုနှင့် ထည့်သွင်းမှုများကို တက်ကြွစွာ ထောက်ပံ့ပေးပြီး လွယ်ကူချောမွေ့စေရန် ပံ့ပိုးပေးရမည်။
  - အဖွဲ့အစည်းအတွင်း လူမျိုးရေးခွဲခြားမှုကို လက်မခံဘဲ၊ ဖြစ်နိုင်ချေရှိသော အကျိုးဆက်များအပါအဝင် အဖွဲ့အစည်းက ကိုင်တွယ်ဖြေရှင်းပုံ
  - အဖွဲ့အစည်း၏ ခေါင်းဆောင်ပိုင်းသည် အဖွဲ့အစည်းနှင့် ပတ်သက်သူအားလုံးအား အာဘော်ရီဂျင်နယ်[12] ယဉ်ကျေးမှု၏ စွမ်းအားများကို အသိအမှတ်ပြုပြီး လေးစားရန်သာမက အာဘော်ရီဂျင်နယ် ကလေးများ၏ ကျန်းမာပျော်ရွှင်ရေးနှင့် ဘေးကင်းစေရေးအတွက် ထိုအသိအမှတ်ပြုလေးစားခြင်း၏ အရေးပါမှုကို နားလည်ရန် တာဝန်ယူဆောင်ရွက်ပေးရမည် ။ (၁.၁၊ ၁.၂၊ ၁.၃၊ ၁.၄၊ ၁.၅)
- ကျင့်ဝတ်စည်းကမ်းနှင့် ရာထူးဖော်ပြချက်များသည် ဝန်ထမ်း စေတနာ့ဝန်ထမ်းအပြုအမူများနှင့် ပတ်သက်၍ အောက်ပါတို့အပါအဝင် မျှော်လင့်ချက်များကို အကြမ်းဖျဉ်း ဖော်ပြထားရမည်–

---

[11] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

[12] ကလေးသူငယ် ဘေးကင်းသော အဖွဲ့အစည်းတစ်ခု ဖန်တီးရေးလမ်းညွှန်တွင် အဖွဲ့အစည်း၏ အသိုင်းအဝိုင်းကို မည်သူများဖြင့် ဖွဲ့စည်းထားသည်ဟူသော အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကြည့်ပါ။

- လူမျိုးရေးခွဲခြားမှုကို လုံးဝ လက်မခံခြင်းနှင့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများမှ လူမျိုးရေးခွဲခြားမှု ဖြစ်ရပ်များအပေါ် မျှော်လင့်ထားသည့် အရေးယူ လုပ်ဆောင်မှုများ
- ကလေးများအား ၎င်းတို့၏ ယဉ်ကျေးမှုကို ဖော်ပြရန်နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများကို ရရှိရန် ထောက်ပံ့ပေးရမည်။ (၁.၁၊ ၁.၃)

- အာဘော်ရီဂျင်နယ်ကလေးများ၏ မတူကွဲပြားပြီး ထူးခြားသည့် ကိုယ်ပိုင်လက္ခဏာများနှင့် အတွေ့အကြုံများကို လေးစားတန်ဖိုးထားကာ ယဉ်ကျေးမှုကို မထိခိုက်သော ပတ်ဝန်းကျင်တစ်ခု တည်ဆောက်ရာတွင် ၂၀၂၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ နောက်ဆုံးထားပြီး အဖွဲ့အစည်းမှ ဆောင်ရွက်မည့်အဆင့်များကို ရှင်းလင်းထားသည့် လုပ်ငန်းအစီအစဉ်။ (၁.၁၊ ၁.၂၊ ၁.၃၊ ၁.၄၊ ၁.၅)

## အခြေခံအဆင့်များ

### လုပ်ဆောင်ချက်များ

- လူမျိုးရေးခွဲခြားမှု ဖြစ်ရပ်များကို အမြဲ ဖော်ထုတ်ပြီး ဖြေရှင်းရမည်။ (၁.၃)
- အဖွဲ့အစည်းသည် အောက်ပါဆောင်ရွက်ပြီးသော အဆင့်များကို ဖော်ပြရမည် –
  - အာဘော်ရီဂျင်နယ်ယဉ်ကျေးမှုကို နားလည် လေးစား တန်ဖိုးထားရန်နှင့် အာဘော်ရီဂျင်နယ် ကလေးများ၏ ကျန်းမာပျော်ရွှင်ရေးနှင့် ဘေးကင်းစေရေးအတွက် ၎င်း၏ အရေးပါမှုကို နားလည်ရန် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ခေါင်းဆောင်များအား ပံ့ပိုး လမ်းညွှန် လေ့ကျင့်ပေးခြင်း (၁.၃ နှင့် ၈.၄ သို့ လင့်ခ်များ)
  - အာဘော်ရီဂျင်နယ် ကလေးများနှင့် ၎င်းတို့ ၏ မိသားစုများ၏ ပါဝင်မှုနှင့် ထည့်သွင်းမှုများကို တက်ကြွစွာ ထောက်ပံ့ပေးပြီး လွယ်ကူချောမွေ့စေရန် ပံ့ပိုးပေးခြင်း (၁.၄)
  - အာဘော်ရီဂျင်နယ်လူမျိုးများ၊ ၎င်းတို့၏ အောင်မြင်မှုများ၊ အသိုင်းအဝိုင်းများနှင့် ယဉ်ကျေးမှုများကို အသိအမှတ်ပြုခြင်းနှင့် ဂုဏ်ပြုခြင်း (၁.၂)
  - အဖွဲ့အစည်းအတွင်းရှိ လူမျိုးရေးခွဲခြားမှုကို ဖော်ထုတ်ပြီး သင့်လျော်စွာ ကိုင်တွယ်ဖြေရှင်းကြောင်း သေချာစေခြင်း (၁.၃)
  - အဖွဲ့အစည်းအတွင်းရှိ အာဘော်ရီဂျင်နယ် ကလေးများအတွက် ယဉ်ကျေးမှုကို မထိခိုက်ဘဲ ဘေးကင်းသော ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးခြင်း။ (၁.၅ နှင့် ၅.၄ သို့ လင့်ခ်များ)
- လုပ်ဆောင်ပြီးသည့် အဆင့်များနှင့် တွေ့ရှိထားသည့် လစ်ဟာမှုများကို ထည့်သွင်းစဉ်းစားလျှက် အဖွဲ့အစည်းက စံနှုန်း ၁ ကို အတိအကျ အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် လုပ်ဆောင်ချက်များကို သတ်မှတ်ဖော်ထုတ်ခြင်း။ လုပ်ဆောင်မှုအစီအစဉ်တစ်ခုသည် လုပ်ဆောင်မည့် တာဝန်ရှိသူ သို့မဟုတ် တာဝန်ရှိအဖွဲ့၊ ရရှိနိုင်သော အရင်းအမြစ်များနှင့် အချိန်အကန့်အသတ်ကို သတ်မှတ်ဖော်ထုတ်သင့်သည်။ (၁.၁၊ ၁.၂၊ ၁.၃၊ ၁.၄၊ ၁.၅)

## နောက်ထပ်အဆင့်များ

### စာရွက်စာတမ်းများ

- ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်စေရေးမူဝါဒအပါအဝင် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် အဖွဲ့အစည်း၏ ရည်မှန်းချက်များကို ဖော်ပြပြီး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ခေါင်းဆောင်များ လုပ်ဆောင်ရမည့် အာဘော်ရီဂျင်နယ်ကလေးများ၏ မတူကွဲပြားပြီး ထူးခြားသည့် ကိုယ်ပိုင်လက္ခဏာများနှင့်

အတွေ့အကြုံများကို လေးစားတန်ဖိုးထားကာ ယဉ်ကျေးမှုကို မထိခိုက်သော ပတ်ဝန်းကျင်တစ်ခုကို တည်ထောင်ရေး အသေးစိတ်လမ်းညွှန်ချက် ပေးရမည်။ (၁.၅)

## လုပ်ဆောင်ချက်များ

- အဖွဲ့အစည်းသည် အာဘော်ရီဂျင်နယ် လူမျိုးများ၊ အသိုင်းအဝိုင်းများ၊ ယဉ်ကျေးမှုများနှင့် တန်ဖိုးများကို အသိအမှတ်ပြုလေးစားခြင်းဖြင့် အာဘော်ရီဂျင်နယ်ကလေးများနှင့် မိသားစုများအတွက် အားလုံး ထည့်သွင်းပါဝင်ပြီး လိုက်လှဲစွာ ရှိမည့် လက်တွေ့နှင့် အွန်လိုင်းပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရမည်။ (၁.၂)
- ကလေးများအားလုံးသည် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများနှင့်ပတ်သက်သော အကြောင်းအချက်များကို အဖွဲ့အစည်းထံမှ ရရှိပြီး အဖွဲ့အစည်းမှ အာဘော်ရီဂျင်နယ်ကလေးများအား ၎င်းတို့၏ယဉ်ကျေးမှုကို ဖော်ထုတ်ခြင်းကို အားပေးရန် တက်ကြွသောအဆင့်များကို လုပ်ဆောင်ရမည်။ ကလေးများသည် ၎င်းတို့ယဉ်ကျေးမှုကို ဖော်ထုတ်သောအခါ အဖွဲ့အစည်းရှိ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ၎င်းတို့ကို ထောက်ပံ့ပေးသည်။ (၁.၁၊ ၁.၄ နှင့် ၃.၁ သို့ လင့်ခ်များ)
- အဖွဲ့အစည်းသည် အဖွဲ့အစည်းအတွင်းရှိ ကလေးများအား လုပ်ပိုင်ခွင့်ပေးရန်နှင့် အာဘော်ရီဂျင်နယ်ကလေးများအတွက် ယဉ်ကျေးမှုကို မထိခိုက်သောနည်းဖြင့် ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများပေးရန် လုပ်ဆောင်ရမည်။ (၁.၄ နှင့် ၃.၆ သို့ လင့်ခ်များ)
- အဖွဲ့အစည်းသည် အာဘော်ရီဂျင်နယ် မိသားစုများအား အဖွဲ့အစည်းတွင် ပါဝင်ရန် ယဉ်ကျေးမှုကို မထိခိုက်သော အခွင့်အလမ်းများ ပံ့ပိုးပေးသည်။ (၁.၄)
- အဖွဲ့အစည်းသည် အဖွဲ့အစည်း အသိုက်အဝန်းအတွင်းရှိသူများအား အောက်ပါတို့ဖြင့် ပံ့ပိုးပေးရမည်–
  - ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများ၊ အာဘော်ရီဂျင်နယ်ယဉ်ကျေးမှုများ၏ အားသာချက်များနှင့် အာဘော်ရီဂျင်နယ် ကလေးများ၏ ကျန်းမာပျော်ရွှင်ရေးနှင့် ဘေးကင်းစေရေးအတွက် ယဉ်ကျေးမှု၏ အရေးပါပုံတို့နှင့် စပ်လျဉ်းသည့် အကြောင်းအချက်များ
  - အာဘော်ရီဂျင်နယ်ကလေးများအတွက် ယဉ်ကျေးမှုကို မထိခိုက်စေရေးနှင့် ကလေးသူငယ် ညှင်းပန်းနှိပ်စက်မှု ထိခိုက်မှု တားဆီးရေးအကြား ဆက်နွှယ်မှုဆိုင်ရာ အကြောင်းအချက်များ
  - အာဘော်ရီဂျင်နယ်ယဉ်ကျေးမှုများနှင့် သမိုင်းကြောင်းများကို လေ့လာခြင်းနှင့် အသိအမှတ်ပြုခြင်းကို ဖော်ပြနိုင်မည့် အခွင့်အလမ်းများ။ (၁.၁၊ ၁.၂)
- အဖွဲ့အစည်းအသိုင်းအဝိုင်းအား အာဘော်ရီဂျင်နယ် ယဉ်ကျေးမှုများ၏ အားသာချက်များကို သိရှိရန်နှင့် အသိအမှတ်ပြုရန် အားပေးသည့် နည်းဗျူဟာများကို အဖွဲ့အစည်းအတွင်းတွင် ဖော်ထုတ် အကောင်အထည်ဖော်သည့်အပြင် ထည့်သွင်းထားရမည်။ (၁.၂)
- လူမျိုးရေးခွဲခြားမှုကို တားဆီးရန် နည်းဗျူဟာများကို အကောင်အထည်ဖော်ပြီး လူမျိုးရေးခွဲခြားမှုဖြစ်ရပ်များကို လက်မခံရပါ။ (၁.၃)

# စံနှုန်း ၂– ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်ရေးကို အဖွဲ့အစည်းဆိုင်ရာ ခေါင်းဆောင်မှု၊ အုပ်ချုပ်မှုနှင့် ယဉ်ကျေးမှုတို့တွင် ထည့်သွင်းထားရမည်

**ကလေးသူငယ် ဘေးကင်းစေရေး စံနှုန်း ၂ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၂.၁ အဖွဲ့အစည်းသည် ကလေးသူငယ် ဘေးကင်းစေရေးတာဝန်ယူမှုကို အများထံ ကြေညာရမည်။

၂.၂ ကလေးသူငယ် ဘေးကင်းစေသော ယဉ်ကျေးမှုကို အဖွဲ့အစည်း၏ အောက်ခြေမှစ၍ အပေါ်အထိ အဆင့်တိုင်းတွင် ရပ်တည်ကာကွယ်ပေးပြီး စံနမူနာပြု ထည့်သွင်းထားရမည်။

၂.၃ အုပ်ချုပ်ရေးအစီအစဉ်များသည် ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်စေရေး မူဝါဒကို အဆင့်တိုင်းတွင် အကောင်အထည်ဖော်ရန် လွယ်ကူချောမွေ့စေရမည်။

၂.၄ ကျင့်ဝတ်စည်းကမ်းများသည် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် မျှော်လင့်ထားသော အပြုအမူစံချိန်စံညွှန်းများနှင့် တာဝန်ဝတ္တရားများနှင့်စပ်လျဉ်း၍ လမ်းညွှန်ချက်များ ပေးရမည်။

၂.၅ ဘေးအန္တရာယ်စီမံခန့်ခွဲမှုနည်းလမ်းများသည် ကလေးနှင့်လူငယ်များအတွက် ဘေးအန္တရာယ်များကို ကာကွယ်တားဆီးခြင်း ၊ ဖော်ထုတ်ခြင်းနှင့် လျှော့ချခြင်းအပေါ် အာရုံစိုက်ရမည်။

၂.၆ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် အကြောင်းအချက်မျှဝေခြင်းနှင့် မှတ်တမ်းထိန်းသိမ်းခြင်းတို့အပေါ် ၎င်းတို့၏ တာဝန်ဝတ္တရားများကို နားလည်ရမည်။

## အဓိကအချက်များ

- သင့်အဖွဲ့အစည်းသည် ကလေးသူငယ် ဘေးကင်းလုံခြုံရေး တာဝန်ယူမှုကို အများထံ ကြေညာရမည်။ ဤသည်မှာ သင်၏အဖွဲ့အစည်းသည် ကလေးသူငယ်ဘေးကင်းလုံခြုံရေးကို ဦးစားပေးပြီး ကလေးသူငယ်ညှင်းပန်းနှိပ်စက်မှု သို့မဟုတ် ထိခိုက်နစ်နာမှုများကို လက်မခံနိုင်ကြောင်း လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကို အကြောင်းကြားခြင်း ဖြစ်သည်။
- ကလေးသူငယ်ဘေးကင်းသောယဉ်ကျေးမှု ဆိုသည်မှာ အဖွဲ့အစည်းတစ်ခုသည် ကလေးများ၏ ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာပျော်ရွှင်မှုကို ဦးစားပေးသည့် သဘောထားများ ၊ စံတန်ဖိုးများ ၊ မူဝါဒများနှင့် အလေ့အကျင့်များကို မျှဝေထားခြင်း ဖြစ်သည်။
- ကလေးသူငယ် ဘေးကင်းသောယဉ်ကျေးမှု ရှိရန် သင်၏အဖွဲ့အစည်းအနေဖြင့် ခေါင်းဆောင်များ၊ ဝန်ထမ်းများ ၊ စေတနာ့ဝန်ထမ်းများ၊ အဖွဲ့ဝင်များနှင့် ကလေးများ၏ နေ့စဉ် စဉ်းစား ဆောင်ရွက်ချက်များတွင် ကလေးသူငယ် ဘေးကင်းလုံခြုံရေးကို တည်ဆောက်ရန် လိုအပ်ပါသည်။
- သင့်အဖွဲ့အစည်း၏ အသိုင်းအဝိုင်းသည် အဖွဲ့အစည်း၏ စံတန်ဖိုးများကို အကောင်အထည်ဖော်မည့် ခေါင်းဆောင်များကို ကြည့်ရှုပါမည်။ ယင်းမှာ ခေါင်းဆောင်များ၏ အပြုအမူသည် ကလေးသူငယ် ဘေးကင်းသောယဉ်ကျေးမှု၏ အဓိကဟု ဆိုလိုပါသည်။ ခေါင်းဆောင်များသည် ကလေးများ၏ ဘေးကင်းစေရေးအလေ့အကျင့်များကို ထောက်ခံသင့်ပြီး ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများထံမှ မျှော်လင့်ထားသော အပြုအမူများကို ပုံစံချမှတ်ပြီး ကလေးများအတွက် ဘေးအန္တရာယ်ရှိသော အပြုအမူများကို လက်မခံဘဲ စံနမူနာအနေဖြင့် ဦးဆောင်ပြရပါမည်။

- ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်.မာရွှင်လန်းစေရေးမူဝါဒသည် သင့်အဖွဲ့အစည်းမှ ကလေးများ၏ဘေးကင်းစေရေးနှင့် ကျန်.မာရွှင်လန်းစေရေးကို ဦးစားပေးပုံနှင့် ထိုသို့လုပ်ဆောင်မည့်အဆင့်များကို ဖော်ပြသည်။ ၎င်းသည် ဝန်ထမ်းများ ၊ စေတနာ့ဝန်ထမ်းများနှင့် အဖွဲ့အစည်း၏ အသိုင်းအဝိုင်းအတွက် ကလေးသူငယ် ဘေးကင်းစေရေး အလေ့အကျင့်များနှင့် ပတ်သက်၍ အဖွဲ့အစည်း၏ မျှော်လင့်ချက်များကို ဖော်ပြထားသည်။ ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးမူဝါဒဖန်တီးခြင်းတွင် ဤအကြောင်းကို ပိုမိုဖတ်ရှုပါ။
- အုပ်ချုပ်မှုသည် အဖွဲ့အစည်းတစ်ခု၏ ခေါင်းဆောင်မှု၊ ကြီးကြပ်မှုနှင့် တာဝန်ခံမှုလုပ်ငန်းစဉ်များကို ရည်ညွှန်းသည်။ အုပ်ချုပ်မှုတွင် ဆုံးဖြတ်ချက်ပိုင်ခွင့်ရှိသူ၊ ဆုံးဖြတ်ချက်များ ချမှတ်ပြီး စောင့်ကြည့်လေ့လာပုံအပြင် မည်သူတို့မှ တာဝန်ယူပုံအကြောင်းနှင့် ပတ်သက်၍ စည်းမျဉ်းစည်းကမ်းများပါဝင်သည်။[13]
- အဖွဲ့အစည်းတစ်ခုချင်းအလိုက် အုပ်ချုပ်ရေးအစီအစဉ်များ ကွဲပြားနိုင်သော်လည်း ကလေးသူငယ် ဘေးကင်းစေသော ယဉ်ကျေးမှုတစ်ခု ဖော်ဆောင်ခြင်းကို ပံ့ပိုးရေးအတွက် သင့်အဖွဲ့အစည်း၏ ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင် ၎င်းတို့သည် အောက်ခြေမှ ထိပ်ဆုံးအထိ ပံ့ပိုးပေးရမည်။ ဆိုလိုသည်မှာ ခေါင်းဆောင်များသည် ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးနှင့်ပတ်သက်၍ အဖွဲ့အစည်း အသိုင်းအဝိုင်းထံမှ ထင်မြင်ချက် အချက်အလက်များအရ သိရှိထားပြီး အဖွဲ့အစည်းအတွက် ရှင်းလင်းသော လမ်းညွှန်ချက်တစ်ခုကို သတ်မှတ်ရပါမည်။ အဖွဲ့အစည်း၏ အုပ်ချုပ်ရေးအစီအစဉ်များသည် သတ်မှတ်ထားသော လမ်းညွှန်ချက် အောင်မြင်စေရေးအတွက် ပွင့်လင်းမြင်သာ ရှိစေရန်နှင့် ခေါင်းဆောင်များအား တာဝန်ခံမှုလည်းရှိစေရပါမည်။
- ကျင့်ဝတ်စည်းကမ်းများသည် ကလေးများနှင့်ပတ်သက်၍ လက်ခံသည့်နှင့် လက်မခံသည့် အပြုအမူများကို တင်ပြသင့်သည်။ ၎င်းသည် ပညာရှင်ပိုင်းဆိုင်ရာကန့်သတ်ချက်များ ၊ ကျင့်ဝတ်ဆိုင်ရာအပြုအမူများ ၊ မျှော်လင့်ထားသောအပြုအမူစံနှုန်းများနှင့် လက်ခံသည့်နှင့် လက်မခံသည့် ဆက်ဆံရေးများကို ဖော်ပြသည်။ ဤအကြောင်းကို လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများဖန်တီးခြင်းတွင် ပိုမိုဖတ်ရှုပါ။
- အဖွဲ့အစည်းအတွင်း အုပ်ချုပ်ရေးအစီအစဉ်များသည် အကြီးတန်းခေါင်းဆောင်များအား အဖွဲ့အစည်းအတွင်းရှိ ဘေးအန္တရာယ်အကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲမှုသည် ကလေးသူငယ်ညှင်းပန်းနှိပ်စက်မှုနှင့် ထိခိုက်နစ်နာမှုများ၏ အန္တရာယ်များကို ခွဲခြားဖော်ထုတ်ခြင်း ၊ ကာကွယ်တားဆီးခြင်းနှင့် လျှော့ချခြင်းတို့အပေါ် မှန်ကန်စွာ အာရုံစိုက်ထားခြင်းရှိမရှိကို စောင့်ကြည့်ရန် ပံ့ပိုးသင့်သည်။ ကလေးသူငယ် ဘေးကင်းလုံခြုံသော အဖွဲ့အစည်းတစ်ခု ဖန်တီးရန် လမ်းညွှန်ရှိ စံနှုန်း ၉ သည် ဘေးအန္တရာယ်ကို ဖော်ထုတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းနှင့် ပတ်သက်၍ နောက်ထပ်အချက်အလက်များ ပံ့ပိုးပေးပါသည်။
- ကလေးသူငယ်ဘေးကင်းစေရေးကို စီမံခန့်ခွဲရန် သက်ဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေခြင်းသည် အရေးကြီးပါသည်။ သင့်အဖွဲ့အစည်း၏ ယဉ်ကျေးမှု၊ စနစ်များနှင့် လုပ်ငန်းစဉ်များသည် ကလေးများအတွက် ဘေးအန္တရာယ်များနှင့် ပတ်သက်၍ အဆင့်တိုင်းတွင် ထိရောက်သော သတင်းအချက်အလက်မျှဝေခြင်းကို ပံ့ပိုးသင့်သည်။ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ရှင်းရှင်းလင်းလင်း သိရှိရန် လိုအပ်ပါသည်။
- မှတ်တမ်းထိန်းသိမ်းမှုစနစ်ကောင်းသည် ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှုနှင့် သင့်အဖွဲ့အစည်း၏ ဘက်စုံဂုဏ်သိက္ခာအတွက် အဓိကဖြစ်သည်။ ကလေးသူငယ်ညှင်းပန်းနှိပ်စက်မှု သို့မဟုတ် ထိခိုက်မှုတစ်ခုခုကို ထိရောက်စွာ တုံ့ပြန်ရာတွင် တိကျသောမှတ်တမ်းများကို ဖန်တီး ထိန်းသိမ်း သိမ်းဆည်းရန် အရေးကြီးသည်။
- သတင်းအချက်အလက်များကို မျှဝေခြင်းနှင့် ဘေးကင်းလုံခြုံသော မှတ်တမ်းများကို ထိန်းသိမ်းခြင်းတို့တွင် ပါဝင်သူများ၏ လျှို့ဝှက်ချက်နှင့် ကိုယ်ရေးလုံခြုံမှုကို အမြဲစဉ်းစားသင့်သည်။

---

[13] ဩစတြေးလျနိုင်ငံ အုပ်ချုပ်မှုရေးရာအဖွဲ့ (Governance Institute of Australia) ၏ အုပ်ချုပ်မှုဆိုသည်မှာ အဘာယ်နည်းကို မှီငြမ်းသည်။

# လိုက်နာမှု ညွှန်းကိန်းများ

**ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။**

အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းများကို ထုတ်ပြန်ပြီး ဤစံနှုန်းကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းအား ပံ့ပိုးပေးသည့်နည်းလမ်းဖြင့် ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဆိုပါက လိုက်နာခြင်းဖြစ်ပါသည်။[14]

## စာရွက်စာတမ်းများ

- ကလေးသူငယ်ဘေးကင်းစေရေးအတွက် အများ ထံကြေညာချက်ကို အများသိရှိနိုင်ရန် ဖော်ပြထားရမည်။ (၂.၁)
- ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေမှုဝါဒသည် စံနှုန်းတစ်ခုစီနှင့် ပတ်သက်၍ အဖွဲ့အစည်း၏ မျှော်လင့်ချက်များနှင့် အလေ့အကျင့်များကို သတ်မှတ်ပေးရမည်။ (၂.၃)
- ကျင့်ဝတ်စည်းကမ်းများသည် ကလေးများနှင့်အတူ လုပ်ဆောင်ရသည့် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ အမူအကျင့်များနှင့် ပတ်သက်၍ မျှော်လင့်ချက်များကို သတ်မှတ်ထားပြီး ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးကို မြှင့်တင်ရန်နှင့် ထိန်းသိမ်းရန် ဖြစ်စေရမည်။ (၂.၄)

## လုပ်ဆောင်ချက်များ

- အဖွဲ့အစည်းမှ ခေါင်းဆောင်များ၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ အဖွဲ့ဝင်များနှင့် ကလေးများသည် ကလေးသူငယ် ဘေးကင်းစေသော ယဉ်ကျေးမှုတစ်ခုကို ဦးဆောင်ပြီး ဖော်ဆောင်ရမည်။ ကလေးများ၏ ဘေးကင်းမှုကို ထိန်းသိမ်းရန်၊ ကလေးများ၏ ဘေးကင်းမှုအတွက် စိုးရိမ်မှုများရှိပါက လုပ်ဆောင်ရန် ပံ့ပိုးမှုများအပြင်၊ ကလေးများ၏ ဘေးကင်းမှုကို နေ့စဉ်အလုပ်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ဦးစားပေးရမည်။ (၂.၂)
- ခေါင်းဆောင်များသည် ကလေးသူငယ် ဘေးကင်းစေရေးနှင့်ပတ်သက်၍ ရှင်းလင်းသော မျှော်မှန်းချက်များ သတ်မှတ်ထားပြီး ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်စေရေးမူဝါဒကို ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက အကောင်အထည်ဖော်ကြောင်း သေချာစေရမည်။ (၂.၃)
- ခေါင်းဆောင်များသည် အစီရင်ခံခြင်းအလေ့အထကို မြှင့်တင်ပေးရမည်။ (၂.၂၊ ၂.၃)
- အုပ်ချုပ်ရေးအစီအစဉ်များဆိုရာတွင် အကြီးတန်းခေါင်းဆောင်များသည် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးကို ပံ့ပိုးရာတွင် အဖွဲ့အစည်း၏ လုပ်ဆောင်ချက်ကို မှန်မှန် သုံးသပ်ခြင်း ပါဝင်ရမည်။ (၂.၃ နှင့် ၁၀.၁ သို့ လင့်ခ်)
- အုပ်ချုပ်ရေးအစီအစဉ်များဆိုရာတွင် အကြီးတန်းခေါင်းဆောင်များအနေဖြင့် အဖွဲ့အစည်းအတွင်းရှိ ဘေးအန္တရာယ်အကဲဖြတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းသည် ကလေးသူငယ်ညှင်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုအန္တရာယ်များကို ဖော်ထုတ်သတ်မှတ်ရန်၊ ကာကွယ်ရန်နှင့် လျှော့ချရန်တို့အပေါ် မှန်ကန်စွာ အလေးပေးခြင်း ရှိမရှိကို ကြီးကြပ်ခြင်း ပါဝင်ရမည်။ (၂.၅ နှင့် ၉.၁ နှင့် ၉.၃ သို့ လင့်ခ်)

---

[14] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ၎င်းတို့ ၏ အကြောင်းအချက်များကို မျှဝေခြင်းနှင့် တာဝန်ဝတ္တရားများကို မှတ်တမ်းတင်ခြင်းတို့ကို နားလည်ကြသည်။ (၂.၆)
- ကျင့်ဝတ်စည်းကမ်းများကို ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများအားလုံးကို အသိပေးပြီး ခေါင်းဆောင်များက ၎င်းတို့ကို လိုက်နာစေရန် တာဝန်ယူရမည်။ (၂.၄)

## စံနှုန်း ၃– ကလေးနှင့် လူငယ်များသည် ၎င်းတို့၏ အခွင့်အရေးများနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်ရှိသည့်အပြင်၊ ၎င်းတို့အပေါ် သက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များတွင် ပါဝင်ပြီး အလေးအနက် မှတ်ယူသည်။

**ကလေးသူငယ် ဘေးကင်းလုံခြုံမှုစံနှုန်း ၃ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၃.၁ ကလေးနှင့် လူငယ်များအား ဘေးကင်းစေရေး ၊ အကြောင်းအချက်နှင့် ပါဝင်ပတ်သက်မှု အပါအဝင် ၎င်းတို့၏ အခွင့်အရေးများအားလုံးကို အသိပေးထားရမည်။

၃.၂ ပေါင်းသင်းဆက်ဆံရေး၏ အရေးပါမှုကို အသိအမှတ်ပြုပြီး၊ အပေါင်းအဖော်များထံမှ ပံ့ပိုးမှုရရှိစေကာ ကလေးနှင့်လူငယ်များအား ဘေးကင်းမှုရှိသည်ဟု ခံစားရပြီး သီးသန့်ခွဲခြားနေမှု နည်းပါးအောင် ကူညီပေးရမည်။

၃.၃ သတ်မှတ်ချက် သို့မဟုတ် အခြေအနေနှင့် ကိုက်ညီသည့်နေရာတွင် ကလေးနှင့် လူငယ်များအား လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှု ကာကွယ်ရေး အစီအစဉ်များနှင့် သက်ဆိုင်ရာ အကြောင်းအချက်များကို အရွယ်နှင့် သင့်လျော်စွာ ကြည့်ရှုခွင့် ရှိရမည်။

၃.၄ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ထိခိုက်ခံစားမှုလက္ခဏာများကို ညှိနှိုင်းပြီး၊ ကလေးများနှင့် လူငယ်များအား ၎င်းတို့၏ ထင်မြင်ချက်များကို ဖော်ပြခွင့်၊ ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခွင့်နှင့် ၎င်းတို့၏ စိုးရိမ်မှုများကို ဖော်ထုတ်ခွင့်ကို အဆင်ပြေသော နည်းလမ်းများဖြင့် ပံ့ပိုးကူညီပေးရမည်။

၃.၅ အဖွဲ့အစည်းများတွင် ပါဝင်ဆောင်ရွက်မှုကို လွယ်ကူစေပြီး ကလေးများနှင့် လူငယ်များ၏ အကြံပြုချက်များကို အရေးယူဆောင်ရွက်သည့် အလေ့အထကိုကို ဖွံ့ဖြိုးတိုးတက်စေသည့် မဟာဗျူဟာများ ရှိရမည်။

၃.၆ အဖွဲ့အစည်းများသည် ကလေးများနှင့် လူငယ်များ ပါဝင်ရန်နှင့် ၎င်းတို့၏ ပါဝင်ပံ့ပိုးမှုများကို တုံ့ပြန်လျှက် ယုံကြည်မှုနှင့် ဆက်ဆံမှုကို ပိုမိုခိုင်မာစေသည့် အခွင့်အလမ်းများ ပေးရမည်။

## အဓိကအချက်များ

- အဖွဲ့အစည်းတစ်ခုအတွင်း ကလေးများအား စိုးရိမ်မှုများ သို့မဟုတ် တိုင်ကြားချက်များကို ဖော်ပြနိုင်ခွင့်ပေးပြီး၊ လက်ခံနားထောင်ရမည်။
- ကလေးများ၏ အမြင်များဖြင့် ပုံဖော်ထားသော မူဝါဒများနှင့် အလေ့အကျင့်များသည် ကလေးများအား ထိခိုက်မှုများကို ပိုမို ကာကွယ်နိုင်ပါမည်။
- စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုသည်မှာ ကလေးများအား ၎င်းတို့ကိုယ်တိုင်နှင့် အဖွဲ့အစည်းတစ်ခုအတွင်း မိမိ၏ယုံကြည်မှု တည်ဆောက်ပေးပြီး ပိုမိုခိုင်မာစေရမည်။ ၎င်းတွင် ကလေးများအား စဉ်းစား၍ ချမှတ်သော ဆုံးဖြတ်ချက်များ ချနိုင်ရန်နှင့် ၎င်းတို့၏ဘဝများကို ပိုမို ထိန်းချုပ်နိုင်စေရန် ကျွမ်းကျင်မှုများနှင့် အသိပညာများ ရရှိစေရမည်။[15]
- လူကြီးများကဲ့သို့ ကလေးများအားလုံးတွင် အခွင့်အရေးများ ရှိပါသည်။ မည်သည့်ကွဲပြားမှု ရှိစေကာမူ အခွင့်အရေးများသည် လူတစ်ဦးချင်းစီ၏ အခြေခံအခွင့်အရေးများ ဖြစ်ပါသည်။

[15] ကလေးနှင့်လူငယ်များအတွက်ကော်မရှင်၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့်ပါဝင်မှု – ကလေးလူငယ်များနှင့် အလုပ်လုပ်သော အဖွဲ့အစည်းများအတွက် လမ်းညွှန်၊ ၂၀၂၁။

- ကလေးသူငယ်များအား ၎င်းတို့၏ အခွင့်အရေးများနှင့် ပတ်သက်၍ လုပ်ပိုင်ခွင့်ပေးခြင်းသည် ခေါင်းဆောင်များ၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအပါအဝင် အဖွဲ့အစည်းတစ်ခုရှိ လူအားလုံးသည် –
  – ကလေးများ၏ အခွင့်အရေးများကို အချိန်တိုင်း ထိန်းသိမ်းကာ လေးစားခြင်း ဖြစ်ပါသည်
  – ၎င်းတို့၏ အခွင့်အရေးများနှင့် ပတ်သက်၍ ၎င်းတို့အား ပညာပေးရန် တက်ကြွသည့် အခန်းကဏ္ဍတစ်ခုကို တာဝန်ယူခြင်း ဖြစ်ပါသည်
  – ၎င်းတို့၏ အခွင့်အရေးများကို ကျင့်သုံးရန် ပံ့ပိုးခြင်း ဖြစ်ပါသည်။
- ကလေးများသည် ၎င်းတို့အပေါ် အကျိုးသက်ရောက်မည့် ဆုံးဖြတ်ချက်များတွင် ပါဝင်ရန် အခွင့်အရေး ရှိပါသည်။ ပါဝင်ဆောင်ရွက်ခြင်းသည် ကလေးများအား ၎င်းတို့ ပြောဆိုခွင့်ရရန်နှင့် ဆုံးဖြတ်ချက်ချရာတွင် အသိပေးရန် အခွင့်အလမ်းများပေးခြင်း ဖြစ်ပါသည်။ အဖွဲ့အစည်းများသည် ကလေးများပြောသော အကြောင်း နားထောင်ရန်၊ ကြားနာရန်နှင့် ၎င်းတို့အပေါ် အခြေခံ၍ သင့်လျော်သော အပြောင်းအလဲများ ပြုလုပ်ရန် လိုအပ်ပါသည်။
- ကလေးများသည် ခိုင်မာသော ပေါင်းသင်းဆက်ဆံရေးမှ အကျိုးကျေးဇူး ရရှိပါသည်။ ကလေးများသည် သူတို့၏မိတ်ဆွေများကို ပံ့ပိုးမှု၊ အကြောင်းအချက်များနှင့် အကြံဉာဏ်များ၏ အဓိက အရင်းအမြစ်အဖြစ် မြင်လာနိုင်ပြီး မိတ်ဆွေများထံ အကူအညီ တောင်းခံနိုင်ပါသည်။ ကလေးများအား တွေ့ဆုံရန်နှင့် အတူတကွ ပျော်ရွှင်စွာ အချိန်ကုန်ဆုံးရန် ခွင့်ပြုသင့်ပြီး သင်၏အဖွဲ့အစည်းသည် ၎င်းတို့၏ လူမှုဆက်ဆံရေးများနှင့် ပေါင်းသင်းဆက်ဆံရေး တည်ဆောက်မှုများကို ထောက်ပံ့သင့်ပြီး အနိုင်ကျင့်ခြင်း သို့မဟုတ် သီးခြားခွဲထွက်နေခြင်း အမူအကျင့်များကို ဖြေရှင်းပေးသင့်သည်။
- လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှု ကာကွယ်ရေး အစီအစဉ်များသည် ကလေးများအတွက် အသက်နှင့်အလိုက် သင့်လျော်သော အစီအစဉ်များနှင့် ပညာရေး ဖြစ်ရမည်။ ဤအစီအစဉ်များသည် လူကြီးများ သို့မဟုတ် အခြားကလေးများမှ မသင့်လျော်သော အမူအကျင့်ကို နားလည်ရန်၊ ဖြစ်နိုင်ချေရှိသော ညှင်းပန်းနှိပ်စက်မှုများမှ မိမိကိုယ်ကို ကာကွယ်ရန်နှင့် ညှင်းပန်းနှိပ်စက်မှု သို့မဟုတ် ညှင်းပန်းနှိပ်စက်ရန် ကျူးလွန်မှု ဖြစ်ပွားပါက အကူအညီကို မည်သို့ရှာဖွေရမည်ကို သိရှိရန်အတွက် ကလေးများ၏ အသိပညာနှင့် ကျွမ်းကျင်မှုများကို တည်ဆောက်ပေးရမည်။ ကလေးများအား လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုနှင့် မည်သို့ အကူအညီရယူရမည်ကို နားလည်စေရန် ကူညီပေးမည့် ဤအစီအစဉ်များ သို့မဟုတ် အခြား အကြောင်းအချက်များကို သင်၏အဖွဲ့အစည်းက ပံ့ပိုးပေးရန် သင့်လျော်ပါသလားဟု စဉ်းစားသင့်ပါသည်။
- သင့်အဖွဲ့အစည်းအတွင်း အဆင့်တိုင်းရှိ လူများအားလုံးတွင် ကလေးသူငယ် ဘေးကင်းစေရေး စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ကလေးအခွင့်အရေးများကို လေးစားမှုရှိစေရေးအတွက် အခန်းကဏ္ဍတစ်ခုစီ ရှိနေပါသည်။ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးသူငယ်ညှင်းပန်းနှိပ်စက်မှုနှင့် ထိခိုက်နစ်နာမှုတို့၏ လက္ခဏာများကို မည်သို့တုံ့ပြန်ရမည်ကို သတိပြုရန်နှင့် ကလေးများ၏ ပါဝင်မှုကို ခွင့်ပြုအားပေးရန် လိုအပ်ပါသည်။ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ဤသို့လုပ်ဆောင်နိုင်ရန် ပံ့ပိုးမှု သို့မဟုတ် သင်တန်း လိုအပ်နိုင်ပါသည်။
- ကလေးများအား အမြဲတမ်းလိုလို ၎င်းတို့၏အတွေ့အကြုံများ သို့မဟုတ် ၎င်းတို့ အလိုရှိသည်များကို မေးလေ့မရှိကြပါ။ သင်၏အဖွဲ့အစည်းသည် ကလေးများအား စကားပြောဆိုရာတွင် သက်တောင့်သက်သာ ခံစားရရန်အတွက် ပံ့ပိုးပေးရန်နှင့် ထိုသို့ပြုလုပ်ရာတွင် အခွင့်အလမ်းများပေးရန် လိုအပ်ပါသည်။ ပါဝင်လုပ်ရှားမှုများသည် အသက်နှင့် သင့်လျော်သော၊ အားလုံးပါဝင်ပြီး လက်လှမ်းမီသော၊ တစ်ဦးချင်းလိုအပ်ချက်နှင့် စွမ်းရည်များနှင့်အညီ ဖြစ်သင့်ပါသည်။ ၎င်းကို မည်သို့ပြုလုပ်ရမည်ကို ပိုမိုသိရှိလိုပါက စွမ်းရည်မြှင့်တင်ရေးနှင့် ပါဝင်မှု – ကလေးနှင့်လူငယ်များနှင့် အလုပ်လုပ်သော အဖွဲ့အစည်းများအတွက်လမ်းညွှန်။

## လိုက်နာမှု ညွှန်းကိန်းများ

**ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။**

အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းများကို ထုတ်ပြန်ပြီး ဤစံနှုန်းကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းအား ပံ့ပိုးပေးသည့်နည်းလမ်းဖြင့် ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဆိုပါက လိုက်နာခြင်းဖြစ်ပါသည်။[16]

### စာရွက်စာတမ်းများ

- ပုံနှိပ်၍ဖြစ်စေ၊ အွန်လိုင်းမှဖြစ်စေ အသက်နှင့် သင့်လျော်ပြီး နားလည်ရလွယ်ကူသော စာရွက်စာတမ်းများအား အလွယ်တကူ လက်လှမ်းမီ ရရှိနိုင်ပြီး ကလေးများအား အောက်ပါတို့အတွက် ပံ့ပိုးပေးရမည်–
  - ဘေးကင်းစေရေး၊ အကြောင်းအချက်နှင့် ပါဝင်ပတ်သက်မှုအပါအဝင် ၎င်းတို့၏ အခွင့်အရေးများကို နားလည်ရန်
  - အဖွဲ့အစည်းအတွင်းရှိ လူကြီးများ မည်သို့ပြုမူသင့်သည်ကို သိရန်
  - အဖွဲ့အစည်း၏ တိုင်ကြားမှုလုပ်ငန်းစဉ်နှင့် မိမိတို့၊ သူငယ်ချင်းများ သို့မဟုတ် အပေါင်းအဖော်များအတွက် ဘေးကင်းစေရေးစိုးရိမ်မှုများကို မည်သို့ အသိပေးရမည်ကို နားလည်ရန်
  - ကလေးအတွက် ရည်ရွယ်သည့် အထောက်အပံ့ ဝန်ဆောင်မှုများအကြောင်း သိရန်။ (၃.၁)
- အဖွဲ့အစည်း၏ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် –
  - ကလေးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပါဝင်ဆောင်ရွက်မှုကို အားပေးမြှင့်တင်စေမည်
  - ကလေးသူငယ်များ၏အခွင့်အရေးများအတွက် ပံ့ပိုးမှုများကို ထည့်သွင်းစေမည် (၃.၁၊ ၃.၄၊ ၃.၅၊ ၃.၆)

### လုပ်ဆောင်ချက်များ

- အဖွဲ့အစည်းအတွင်း ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးများအား အောက်ပါတို့ကို ကူညီပေးရန်အတွက် ချိတ်ဆက်ဆောင်ရွက်ရမည် –
  - ဘေးကင်းစေရေး၊ အကြောင်းအချက်နှင့် ပါဝင်ပတ်သက်မှုအပါအဝင် ၎င်းတို့၏ အခွင့်အရေးများကို နားလည်ရန်
  - အဖွဲ့အစည်းအတွင်းရှိ လူကြီးများ မည်သို့ပြုမူသင့်သည်ကို သိရန်
  - အဖွဲ့အစည်း၏ တိုင်ကြားမှုလုပ်ငန်းစဉ်နှင့် မိမိတို့၊ သူငယ်ချင်းများ သို့မဟုတ် အပေါင်းအဖော်များအတွက် ဘေးကင်းစေရေးစိုးရိမ်မှုများကို မည်သို့ အသိပေးရမည်ကို နားလည်ရန်
  - ကလေးအတွက် ရည်ရွယ်သည့် အထောက်အပံ့ ဝန်ဆောင်မှုများအကြောင်း သိရန်။ (၃.၁၊ ၃.၄)
- အဖွဲ့အစည်းတွင်းရှိ ကလေးများအား စွမ်းဆောင်ရည် ကင်းမဲ့စေသော အလေ့အကျင့်များကို ဖော်ထုတ်ပြီး ၎င်းတို့ကို ပြောင်းလဲရန် လုပ်ဆောင်ရမည်။ (၃.၅၊ ၃.၆)
- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ကလေးသူငယ် ညှင်းပန်းနှိပ်စက်မှု သို့မဟုတ် ထိခိုက်နစ်နာမှု၏ လက္ခဏာများကို နားလည်ရန်၊ အသိအမှတ်ပြုရန်နှင့် လုပ်ဆောင်ရန်အတွက် အကြောင်းအချက်များ ပံ့ပိုးပေးရမည်။ (၃.၄)

---

[16] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

- သက်ဆိုင်ပါက အဖွဲ့အစည်းသည် ကလေးများအား လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှု ကာကွယ်ရေးအစီအစဉ်များနှင့် အခြားသက်ဆိုင်ရာ အကြောင်းအချက်များကို အသက်နှင့် သင့်လျော်ပြီး အလွယ်တကူ ရရှိနိုင်သောနည်းလမ်းဖြင့် ကလေးများအား ရယူကြည့်ရှုခွင့် ပေးရမည်။ (၃.၃)
- အဖွဲ့အစည်းသည် ကလေးများအား ၎င်းတို့ ၏ ထင်မြင်ချက်များကို ဖော်ပြရန်နှင့် ၎င်းတို့အပေါ် အကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များတွင် ပါဝင်ရန် အခွင့်အလမ်းများ ဖန်တီးပေးရမည်။ ကလေးများထံမှ ကြားရပြီး လေ့လာသိရှိရသည့် အရာများသည် အဖွဲ့အစည်း၏ အလုပ်လုပ်ပုံအပေါ် လွှမ်းမိုးမှု ရှိရမည်။ (၃.၅၊ ၃.၆)
- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးများကို ပါဝင်ဆောင်ရွက်ရန်၊ ၎င်းတို့၏ ထင်မြင်ချက်များကို ဖော်ပြရန်နှင့် ၎င်းတို့ ၏ စိုးရိမ်ပူပန်မှုများကို အသိပေးရန်အတွက် အသိပညာနှင့် ကျွမ်းကျင်မှုများ ရရှိစေရန် ပံ့ပိုးပေးရမည်။ (၃.၄)
- အဖွဲ့အစည်းသည် ကလေးများအား ၎င်းတို့၏ အပေါင်းအဖော်များနှင့် လူမှုဆက်ဆံရေးနှင့် မိတ်ဆွေဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်စေရန်၊ ၎င်းတို့၏ အပေါင်းအဖော်များကို ထောက်ပံ့ရန်အတွက် ကျွမ်းကျင်မှုများ တည်ဆောက်ရန်နှင့် ကလေးများအကြား အနိုင်ကျင့်ခြင်း သို့မဟုတ် သီးခြားခွဲထွက်နေသည့် အမူအကျင့်များကို တားဆီးကျော်လွှားရန် ပံ့ပိုးပေးရမည်။ (၃.၂)

# စံနှုန်း ၄ – မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများအား ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးကို မြှင့်တင်ရာတွင် အသိပေးပြီး ပါဝင်ဆောင်ရွက်စေရမည်။

**ကလေးသူငယ် ဘေးကင်းလုံခြုံမှုစံနှုန်း ၄ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၄.၁ မိသားစုများသည် ၎င်းတို့၏ ကလေးအပေါ် အကျိုးသက်ရောက်မှုရှိသော ဆုံးဖြတ်ချက်များတွင် ပါဝင်ကြရမည်။

၄.၂ အဖွဲ့အစည်းသည် ၎င်း၏ ကလေးသူငယ် ဘေးကင်းစေရေး ချဉ်းကပ်မှုနှင့် သက်ဆိုင်ရာ အကြောင်းအချက်များကို အလွယ်တကူ ရယူအသုံးပြုနိုင်ရန် မိသားစုများ၊ လူမှုအသိုင်းအဝိုင်းနှင့် ချိတ်ဆက်ပြီး ပွင့်လင်းစွာ ဆက်သွယ်ဆောင်ရွက်ရမည်။

၄.၂ မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများသည် အဖွဲ့အစည်း၏ မူဝါဒများနှင့် အလေ့အကျင့်များ ဖော်ဆောင်ခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းတွင် မိမိတို့အမြင်ကို ပြောဆိုခွင့်ရရမည်။

၄.၄ မိသားစုများ ၊ စောင့်ရှောက်သူများနှင့် လူမှုအသိုင်းအဝိုင်းကို အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အုပ်ချုပ်မှုများနှင့် ပတ်သက်၍ အသိပေးရမည်။

## အဓိကအချက်များ

- မိသားစုများကို သွေးသားတော်စပ်မှု၊ လက်ထပ်ထိမ်းမြားမှု၊ ဆွေမျိုးသားချင်း ဖွဲ့စည်းမှု သို့မဟုတ် အခြားထပ်တိုးမိသားစုဖွဲ့စည်းမှုများအရ ဆက်စပ်နေသူများ အပါအဝင် ဆက်ဆံရေးအမျိုးမျိုးဖြင့် ဖွဲ့စည်းထားနိုင်ပါသည်။ မိသားစုများတွင် နေ့စဉ်နေထိုင်မှုဘဝ၏ လုပ်ငန်းတာဝန်များကို မျှဝေတာဝန်ယူကြသူများ သို့မဟုတ် အလွန်နီးစပ်သော ၊ ပုဂ္ဂိုလ်ရေးဆက်ဆံရေးကို မျှဝေထားသူများလည်း ပါဝင်နိုင်ပါသည်။
- လူမှုအသိုင်းအဝိုင်းများသည် တူညီသောအကျိုးစီးပွားများ၊ အတွေ့အကြုံများ၊ လူမှုရေးနောက်ခံ၊ အမျိုးသားရေး၊ ယဉ်ကျေးမှု ၊ ယုံကြည်မှုများ သို့မဟုတ် ကိုယ်ပိုင်လက္ခဏာများကို မျှဝေသော လူအုပ်စုဖြစ်ပါသည်။[17] အဖွဲ့အစည်းများ၊ မိသားစုများနှင့် ကလေးများတွင် ၎င်းတို့ အနီးကပ် ဆက်ဆံသော သို့မဟုတ် မကြာခဏ ဆက်သွယ်သော အသိုင်းအဝိုင်းများ ရှိနိုင်ပါသည်။ မိသားစုများကဲ့သို့ပင် လူမှုအသိုင်းအဝိုင်းများသည်လည်း မတူကွဲပြားနိုင်ပါသည်။
- မိဘများ ၊ စောင့်ရှောက်သူများနှင့်မိသားစုများသည် သင ၏ အဖွဲ့အစည်းမှ ကြိုဆိုသည်ဟု ခံစားသင့်ပါသည်။[18] မတူညီသော မိသားစုအမျိုးအစားများကို လေးစားစွာဖြင့် အားလုံးပါဝင်နိုင်သော အလေ့အထကို တည်ဆောက်ထိန်းသိမ်းခြင်းသည် ကလေးများအား ဘေးကင်းမှု ရှိကြောင်း ခံစားရစေပြီး ဘေးကင်းမှုရှိစေရန် အထောက်အကူ ပြုပါသည်။

[17] ကင်းဘရစ်ချ် အဘိဓာန်မှ အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဆီလျော်အောင် မွမ်းမံထားသည်။

[18] ဥပမာအားဖြင့် ၊ မိသားစုဝင်အချို့နှင့် ထိတွေ့ဆက်ဆံရန် မသင့်လျော်သောအချိန်များ ရှိနိုင်ပါသည်။ ဥပမာ – ၎င်းတို့သည် ကလေးတစ်ဦးနှင့် ဆက်ဆံမှု ကန့်သတ်ချက်များ ရှိပါက သို့မဟုတ် အချို့သောအခြေအနေများတွင် ကလေးသည် ကလေးကာကွယ်ရေးတွင် ပါဝင်နေပါက ဖြစ်နိုင်ပါသည်။ ဤကိစ္စရပ်များတွင် ပိုမိုကျယ်ပြန့်သော မိသားစုနှင့် အသိုင်းအဝိုင်းကို ပါဝင်ခြင်းနှင့်ပတ်သက်၍ အာရုံစိုက်သင့်ပြီး သင့်လျော်ပါက ကလေးကို မည်သူအား ပါဝင်စေလိုသည်ကို မေးမြန်းရပါမည်။

- သင့်အဖွဲ့အစည်း၏ ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး ခရီးစဉ်တွင် မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများအား အစိတ်အပိုင်းတစ်ခု ပါဝင်ဆောင်ရွက်ရန် ခွန်အားပေးခြင်းသည် ကလေးများအတွက် အကျိုးရှိစေပါသည်။ ဆိုလိုသည်မှာ –
  - မိဘများ ၊ စောင့်ရှောက်သူများနှင့် လူမှုအသိုင်းအဝိုင်းသည် အဖွဲ့အစည်းများအနေဖြင့် ကလေးများကို ဘေးကင်းစေရန် အထောက်အကူပြုအခြေအနေများနှင့် ကလေးများကို မည်သို့ဘေးကင်းစေရန် ထားနိုင်မည်ကို သိရှိနိုင်ပါမည်
  - အဖွဲ့အစည်းများသည် ၎င်းတို့၏ ကလေးများကို အကောင်းဆုံး သိရှိထားသော မိသားစုများထံမှ အသိအမြင်များ၏ အကျိုးကျေးဇူးကြောင့် ကလေးတစ်ဦးချင်းအား ပိုမိုကောင်းမွန်စွာ ထောက်ပံ့နိုင်သည်
  - မိဘများ၊ စောင့်ရှောက်သူများနှင့် လူမှုအသိုင်းအဝိုင်းသည် ကလေးတစ်ဦး၏ ဘေးကင်းမှု သို့မဟုတ် ကျန်းမာရွှင်လန်းစေရေးအတွက် စိုးရိမ်ပူပန်နေပါက လုပ်ပိုင်ခွင့်ရှိသည်ဟု ခံစားရပြီး မည်သို့လုပ်ရမည်ကို သိရှိရမည်။
  - သင့်အဖွဲ့အစည်း၏ ကလေးသူငယ် ဘေးကင်းရေး ချဉ်းကပ်မှုသည် ဆက်လက် တိုးတက်နေရမည်။
- မိသားစုဝင်များသည် ဆုံးဖြတ်ချက်ချရာတွင် ပါဝင်ခြင်းသည် ဆုံးဖြတ်ချက်မချမီ ၎င်းတို့၏ ထင်မြင်ချက်ကို တောင်းဆိုခြင်းဖြစ်ပြီး ဤထင်မြင်ချက်ကို ဆုံးဖြတ်ချက်ချခြင်း၏ တစ်စိတ်တစ်ပိုင်းအဖြစ် ယူဆနိုင်ပါသည်။ သင်၏အဖွဲ့အစည်းသည် မိသားစုများအား ၎င်းတို့ကလေး၏ ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည့် ဆုံးဖြတ်ချက်များနှင့် ပတ်သက်၍ မိသားစုများအား ပြောဆိုရန် အခွင့်အရေးပေးသင့်သည်။
- မိသားစုများ၊ စောင့်ရှောက်သူများနှင့် လူမှုအသိုင်းအဝိုင်းအား သင့်အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် အုပ်ချုပ်မှုများနှင့် ပတ်သက်၍ အသိပေးသင့်သည်၊ သို့မှသာ ၎င်းတို့သည် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်နိုင်မည် ဖြစ်ပါသည်။ မိသားစုများသည် သင်၏ အဖွဲ့အစည်းက မည်သို့လုပ်ဆောင်သည်နှင့် ၎င်းကို မည်သို့ ဖွဲ့စည်းထားသည်ကို နားလည်ရန် လိုအပ်ပါသည်။ ကလေးသူငယ်ဘေးကင်းစေရေး သို့မဟုတ် ကျန်းမာရွှင်လန်းစေရေး စိုးရိမ်မှုတစ်ခုခုရှိပါက အဖွဲ့အစည်းအတွင်းရှိ မှန်ကန်သောလူများကို မည်သို့ဆက်သွယ်ရမည်ကို ၎င်းတို့ သိရှိရန် လိုအပ်ပါသည်။

## လိုက်နာမှု ညွှန်းကိန်းများ

### ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။

အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းများကို ထုတ်ပြန်ပြီး ဤစံနှုန်းကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းအား ပံ့ပိုးပေးသည့်နည်းလမ်းဖြင့် ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဆိုပါက လိုက်နာခြင်းဖြစ်ပါသည်။[19]

### စာရွက်စာတမ်းများ

- အဖွဲ့အစည်း၏ မူဝါဒများသည် မိသားစုနှင့် လူမှုအသိုင်းအဝိုင်းပါဝင်မှု၏ အရေးပါမှုကို ထင်ဟပ်စေပြီး ဤပါဝင်မှုကို ဖြစ်စေနိုင်သည့်နည်းလမ်းများကို ဖော်ပြထားရမည်။ (၄.၃)

---

[19] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှုရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

- တိုင်ကြားချက်ကိုင်တွယ်ရေး မူဝါဒများတွင် မိသားစုများအား အကြောင်းအချက်ပေးရန်နှင့် အတွင်းရေးလျှို့ဝှက်နှင့် ကိုယ်ရေးလုံခြုံမှု နှင့်ပတ်သက်သော တာဝန်ဝတ္တရားများကို လိုက်နာကာ မည်သို့ပြုလုပ်ရမည်ကို လမ်းညွှန်ပေးသည့် လုပ်ထုံးလုပ်နည်းများ ပါဝင်ရမည်။ (၄.၂ နှင့် ၇.၂ သို့ လင့်ခ်များ)

## လုပ်ဆောင်ချက်များ

- အဖွဲ့အစည်းသည် မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများကို အဖွဲ့အစည်းအတွင်း ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးအတွက် ၎င်းတို့၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ အသိပေးပြောဆိုခြင်းဖြင့် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးကို မြှင့်တင်စေပြီး ထိန်းသိမ်းစောင့်ရှောက်ရာတွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ရန် ပံ့ပိုးပေးရမည်။ (၄.၄ နှင့် အထွေထွေ ရလဒ်)
- အဖွဲ့အစည်းသည် အောက်ပါနည်းအားဖြင့် မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများအပေါ် ပွင့်လင်းပြီး မြင်သာမှု ရှိရမည် –
  - အဖွဲ့အစည်း၏ ကလေးသူငယ်ဘေးကင်းရေးနှင့် ကျန်းမာရွှင်လန်းစေရေးမူဝါဒများနှင့် အလေ့အကျင့်များနှင့် ပတ်သက်၍ လက်လှမ်းမီ ရနိုင်သော အကြောင်းအချက်များ ပေးခြင်း (၄.၂ နှင့် ၄.၄)
  - အဖွဲ့အစည်း၏ အုပ်ချုပ်မှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ၊ တိုင်ကြားချက်များကို ကိုင်တွယ်ဖြေရှင်းပုံနှင့် အဖွဲ့အစည်းမှ စည်းကမ်းထိန်းသိမ်းရေးလုပ်ဆောင်ချက်များနှင့် ကလေးသူငယ်ဘေးကင်းစေရေး ဘေးအန္တရာယ်များကို စီမံခန့်ခွဲပုံ စသည်တို့နှင့်ပတ်သက်၍ အကြောင်းအချက်များ ပေးခြင်း။ (၄.၄)
- မိသားစုများသည် ၎င်းတို့ကလေး၏ ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးအပေါ် အကျိုးသက်ရောက်မှုရှိသည့် အဖွဲ့အစည်း၏ ဆုံးဖြတ်ချက်ချခြင်းများတွင် ပါဝင်ရန် အခွင့်အရေး ရှိရမည်။ မိသားစုများအား ဆက်သွယ်အသိပေးမှုခြင်းဖြင့် မတူကွဲပြားသော မိသားစုများအား ပါဝင်နိုင်ရန် ပံ့ပိုးပေးရမည်။ (4.1)
- အဖွဲ့အစည်း၏ ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးအတွက် ချဉ်းကပ်မှုအပါအဝင် အဖွဲ့အစည်း၏မူဝါဒများ ၊ လုပ်ထုံးလုပ်နည်းများနှင့် အလေ့အကျင့်များအပေါ် တုံ့ပြန်ချက်ပေးရန် မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းအဖွဲ့ဝင်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရမည်။ (၄.၃)
- အဖွဲ့အစည်းသည် မိသားစုများနှင့် လူမှုအသိုင်းအဝိုင်းများ၏ တုံ့ပြန်ချက်နှင့် ပါဝင်မှုကို အလေးအနက်ထားပြီး ၎င်းတို့၏ ထင်မြင်ချက်များကို ထည့်သွင်းစဉ်းစားရမည်။ (၄.၃ နှင့် ၇.၃ သို့လင့်ခ်များ)

# စံနှုန်း ၅– တန်းတူညီမျှမှုကို ထိန်းသိမ်းထားပြီး မူဝါဒနှင့် အလေ့အကျင့်များတွင် မတူကွဲပြားမှုကို အလေးထားရန် လိုအပ်သည်

**ကလေးသူငယ် ဘေးကင်းလုံခြုံမှုစံနှုန်း ၅ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၅.၁ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအပါအဝင် အဖွဲ့အစည်းသည် ကလေးနှင့်လူငယ်များ၏ ကွဲပြားခြားနားသော အခြေအနေများကို နားလည်ပြီး ပံ့ပိုးကူညီပေးရမည့်အပြင် ဘေးဖြစ်လွယ်သောသူများအား တုံ့ပြန်ဖြေရှင်းပေးရမည်။

၅.၂ ကလေးများနှင့်လူငယ်များသည် ယဉ်ကျေးမှုကို မထိခိုက်စေခြင်း၊ လက်လှမ်းမီမှုနှင့် နားလည်ရန် လွယ်ကူသော နည်းလမ်းများဖြင့် အကြောင်းအချက်၊ ပံ့ပိုးမှုနှင့် တိုင်ကြားမှုလုပ်ငန်းစဉ်များကို ရရှိစေရမည်။

၅.၃ အဖွဲ့အစည်းသည် မသန်စွမ်းသော ကလေးလူငယ်များ၊ မတူခြားနားသော နောက်ခံ ယဉ်ကျေးမှုနှင့် ဘာသာစကားရှိသော ကလေးလူငယ်များ၊ အိမ်တွင်နေမရနိုင်သောသူများနှင့် လိင်တူချစ်သူမိန်းမများ၊ လိင်တူချစ်သူယောကျ်ားများ၊ လိင်နှစ်မျိုးလုံးချစ်သူများ၊ လိင်ပြောင်းထားသူများ၊ လိင်နှစ်မျိုးရှိသူကလေးလူငယ်များ၏ လိုအပ်ချက်များကို အထူးသဖြင့် အာရုံစိုက်ရမည်။

၅.၄ အဖွဲ့အစည်းသည် အာဘော်ရီဂျင်နယ် ကလေးများလူငယ်များ၏ လိုအပ်ချက်များကို အထူးဂရုပြုပြီး ၎င်းတို့အတွက် ယဉ်ကျေးမှုကို မထိခိုက်သည့် ဘေးကင်းသော ပတ်ဝန်းကျင်တစ်ခုကို ထောက်ပံ့ပေး/ မြှင့်တင်ပေးရမည်။

## အဓိကအချက်များ

- ကလေးများတွင် တမူထူးခြားသည့် အရည်အချင်းများ၊ လက္ခဏာများ၊ ကျွမ်းကျင်မှုများ၊ ဘဝအတွေ့အကြုံများ ရှိပါသည်။ နောက်ခံအကြောင်းအရာ၊ ကိုယ်ရည်ကိုယ်သွေးနှင့် ယုံကြည်မှု ကွဲပြားမှုများသည် ကလေးတစ်ဦးအား ကမ္ဘာကြီးနှင့် လိုအပ်ချက်များကို မည်သို့ ခံစားရသည်ကို ဖော်ပြသည်။
- ကလေးများသည် ၎င်းတို့၏ ဖြစ်လိုသည်ကို ဖြည့်ဆည်းရန် အခွင့်အလမ်းများကို ရယူနိုင်သောကြောင့် မတူကွဲပြားမှုများကို တန်ဖိုးထားလေးစားသောအခါ အဖွဲ့အစည်းများနှင့် လူမှုအသိုင်းအဝိုင်းများ ပိုမိုအားကောင်းပါသည်။
- ဖယ်ထုတ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကဲ့သို့ အပြုသဘောမဆောင်သော အတွေ့အကြုံများသည် ထိခိုက်စေနိုင်ပြီး ကလေးတစ်ဦးအပေါ် ထိခိုက်မှုနှင့် ညှင်းပန်းနှိပ်စက်မှု ဘေးအန္တရာယ်ကို မြှင့်တင်ကာ၊ ကလေးတွင် စိုးရိမ်မှုရှိပါက ဖွင့်ဟပြောနိုင်ခြေကို လျော့ကျစေနိုင်သည်။
- တန်းတူညီမျှမှုဆိုသည်မှာ ကလေးသူငယ်များအားလုံးသည် ၎င်းတို့၏ နောက်ခံ၊ ဝိသေသလက္ခဏာများ သို့မဟုတ် ယုံကြည်ချက်များ မည်သို့ပင်ရှိစေကာမူ ဘဝ နယ်ပယ်တိုင်းတွင် လွတ်လပ်စွာနှင့် တူညီစွာ ပါဝင်ဆောင်ရွက်နိုင်သည့် တရားမျှတမှု ဖြစ်ပါသည်။ ကလေးသူငယ်ဘေးကင်းသော အဖွဲ့အစည်းများတွင် ယင်းသည် ကလေးသူငယ် ဘေးကင်းမှုမှာ ကလေးများ၏ လူမှုရေး သို့မဟုတ် စီးပွားရေးအခြေအနေ၊ ယဉ်ကျေးမှုနောက်ခံ သို့မဟုတ် စွမ်းရည်များအပါအဝင် ၎င်းတို့၏ အခြေအနေပေါ်တွင် မူတည်မည် မဟုတ်ကြောင်း ဆိုလိုပါသည်။
- ကလေးသူငယ် ဘေးကင်းသော အဖွဲ့အစည်းတစ်ခုသည် မတူကွဲပြားမှုကို အသိအမှတ်ပြု လေးစားပြီး ကလေးအချို့သည် အခြားကလေးများထက် ညှင်းပန်းနှိပ်စက်မှုခံရနိုင်ခြေ ပိုများသည်ကို နားလည်ပါသည်။ အဖွဲ့အစည်းအနေဖြင့် ကလေးများသည် ၎င်းတို့၏ အပေါင်းအဖော်များကဲ့သို့ ဘေးကင်းစေရန် လိုအပ်သော

ဆက်ဆံရေးများ၊ ကျွမ်းကျင်မှုများ၊ အသိပညာနှင့် အရင်းအမြစ်များကို ရရှိစေရန် သေချာစေသည့် မူဝါဒများနှင့် အလေ့အကျင့်များ ရှိရမည်။

- လက်လှမ်းမီရရှိနိုင်သော၊ ယဉ်ကျေးမှုကို မထိခိုက်သော၊ နားလည်ရန်လွယ်ကူသော ပံ့ပိုးမှုများနှင့် တိုင်ကြားမှုလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ အကြောင်းအချက်များပေးရာတွင် ကလေးများ၏ ဆက်သွယ်ရေးလိုအပ်ချက်များနှင့် ၎င်းတို့၏ တစ်ဦးချင်းစွမ်းရည်များနှင့် ဖွံ့ဖြိုးတိုးတက်မှုအဆင့်အပေါ် အခြေခံ၍ ကွဲပြားခြားနားပုံကို နားလည်ခြင်းတို့ ပါဝင်သည်။
- ကလေးတစ်ဦးအတွက် အဖွဲ့အစည်း တိုင်ကြားရေးလမ်းစဉ်ကို ရယူနိုင်ခွင့်ကို ၎င်းတို့၏ နောက်ခံ၊ ဝိသေသလက္ခဏာများ သို့မဟုတ် ဘဝအတွေ့အကြုံအရ ကန့်သတ်မထားသင့်ပါ။ ကလေးများအားလုံးသည် တိုင်ကြားချက်တစ်ခုခု သို့မဟုတ် စိုးရိမ်မှုတစ်ခုခု အသိပေးတင်ပြနိုင်ရန် အရေးကြီးပါသည်။
- အဖွဲ့အစည်းများသည် ကလေးသူငယ်များ၏ မတူကွဲပြားသော အခြေအနေများနှင့် ၎င်းတို့၏ တရားမျှတသော ဆက်ဆံမှုရပိုင်ခွင့်ကို နားလည်ရန် လိုအပ်သည်။ ၎င်းတွင် အောက်ပါတို့၏လိုအပ်ချက်များကို အာရုံစိုက်ရန် ပါဝင်သည် –
  - မသန်စွမ်းကလေးများ – ကလေးသူငယ် ဘေးကင်းသော အဖွဲ့အစည်းသည် မသန်စွမ်း ကလေးများအား လုပ်ပိုင်ခွင့် ပေးရမည်။ ဤလုပ်ပိုင်ခွင့်သည် ကလေးတစ်ဦး၏ စွမ်းရည်များနှင့် ပတ်သက်၍ ပုံသေကားကျသတ်မှတ်ခြင်း သို့မဟုတ် ခန့်မှန်းချက်များပြုလုပ်ခြင်းမရှိဘဲ ကလေးတစ်ဦးချင်းစီသည် ကွဲပြားပြီး မသန်စွမ်းမှုနှင့် ကမ္ဘာကြီးကို မတူခြားနားစွာ တွေ့ကြုံခံစားရခြင်းကို အသိအမှတ်ပြုခြင်း ဖြစ်ပါသည်။
  - မတူကွဲပြားသော ယဉ်ကျေးမှုနှင့် ဘာသာစကား နောက်ခံများမှကလေးများ – ကလေးသူငယ် ဘေးကင်းသော အဖွဲ့အစည်းသည် ဘာသာစကားနှင့် ယဉ်ကျေးမှုလိုအပ်ချက်များကို နားလည်ပြီး မတူကွဲပြားသော မိသားစု ဖွဲ့စည်းပုံများနှင့် စံနှုန်းများကို ထည့်သွင်း စဉ်းစားရမည်။
  - အိမ်တွင်မနေနိုင်သည့်သူများ – ကလေးများ အိမ်တွင် မနေနိုင်သည့် အကြောင်းရင်းများစွာ ရှိပါသည်။ ၎င်းတို့၏ နေထိုင်မှုအစီအစဉ်များသည် ဆွေမျိုးများ သို့မဟုတ် မိတ်ဆွေများနှင့် တရားဝင် သို့မဟုတ် အလွတ်သဘော နေထိုင်ခြင်း (ဆွေမျိုးသားချင်း စောင့်ရှောက်မှု )၊ မွေးစားစောင့်ရှောက်ခြင်း သို့မဟုတ် ဂေဟာမှစောင့်ရှောက်ခြင်းတို့ အပါအဝင် ကွဲပြားခြားနားမှု ရှိနိုင်ပါသည်။ သင်သည် ကလေးတစ်ဦး၏ နေထိုင်မှုအစီအစဉ်များကို သတိမထားမိနိုင်ပါ၊ သို့သော် သင်၏အဖွဲ့အစည်းကို ကလေးများ မည်သို့ အခြေအနေဖြစ်စေ ၎င်းတို့အတွက် ဘေးကင်းမှုနှင့် ကြိုဆိုမှုရှိအောင် လုပ်ဆောင်ထားရန် အရေးကြီးပါသည်။
  - လိင်တူချစ်သူ မိန်းမများ၊ လိင်တူချစ်သူ ယောကျ်ားများ၊ လိင်နှစ်မျိုးလုံးချစ်သူများ၊ လိင်ပြောင်းထားသူများ၊ လိင်နှစ်မျိုးရှိသူ ကလေးလူငယ်များ – ကလေးလူငယ်များသည် ၎င်းတို့၏ လိင်၊ လိင်စိတ်ခံစားမှုနှင့် ကျားမဖြစ်တည်မှုကို နည်းလမ်းအမျိုးမျိုးဖြင့် တွေ့ကြုံခံစားဖော်ပြနိုင်ပါသည်။ LGBTIQ ကလေးလူငယ်များအတွက် သင့်အဖွဲ့အစည်းတွင် ဘေးကင်းမှုရှိသည်ဟု ခံစားရပြီး ဘေးကင်းမှုရှိစေရန်အတွက် သင်သည် ၎ င်းတို့ကို ကြိုဆိုပြီး တန်ဖိုးထားကြောင်းနှင့် ၎င်းတို့ကို ညှင်းပန်းနှိပ်စက်ခြင်းနှင့် ထိခိုက်မှုများမှ ကာကွယ်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြရမည်။
  - အာဘော်ရီဂျင်နယ်ကလေးများ – အဖွဲ့အစည်းများသည် ကလေးများ၏ ယဉ်ကျေးမှုနှင့် လူမှုအသိုင်းအဝိုင်းအရ ခံစားခွင့်နှင့် ဆက်နွယ်ခွင့်ရှိသည်ဟူသော အခွင့်အရေးကို ထိန်းသိမ်းပြီး၊ လူမျိုးရေးခွဲခြားမှုမှ ဖြစ်ပေါ်လာသော ဘေးအန္တရာယ်မှ ကင်းဝေးစေကာ ယဉ်ကျေးမှုကို မထိခိုက်စေသော ဝန်ဆောင်မှုများနှင့် အဖွဲ့အစည်းများသို့ ပါဝင်ရယူခွင့် ရှိရမည်။ [ကလေးဘေးကင်းသော အဖွဲ့အစည်းတစ်ခု ဖန်တီးခြင်းလမ်းညွှန်]တွင် အာဘော်ရီဂျင်နယ်ကလေးများအတွက် ယဉ်ကျေးမှုကို မထိခိုက်စေသော ပတ်ဝန်းကျင်တစ်ခု တည်ဆောက်ခြင်းနှင့် ပတ်သက်၍ နောက်ထပ် အသေးစိတ် အကြောင်းအချက်များ ရှိပါသည်။

## လိုက်နာမှု ညွှန်းကိန်းများ

**ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။**

အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းများကို ထုတ်ပြန်ပြီး ဤစံနှုန်းကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းအား ပံ့ပိုးပေးသည့်နည်းလမ်းဖြင့် ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဆိုပါက လိုက်နာခြင်းဖြစ်ပါသည်။[20]

### စာရွက်စာတမ်းများ

- ကလေးများအတွက် တိုင်ကြားရေးလမ်းစဉ်များနှင့် ပံ့ပိုးမှုများဆိုင်ရာ အကြောင်းအချက်များအပါအဝင် စာရွက်စာတမ်းများကို အသက်နှင့်အညီ ရရှိနိုင်ပြီး ဘာသာစကားများစုံ ပုံစံမျိုးစုံ လိုအပ်သလို ရရှိနိုင်ပါသည်။ အထူးသဖြင့် မျက်စိကွယ်နေသော သို့မဟုတ် အမြင်အာရုံချို့တဲ့သောကလေးများ သို့မဟုတ် စာမဖတ်နိုင်သော ကလေးများအတွက် စာရွက်စာတမ်းတစ်ခုတည်းကို မှီခိုအားထား၍ မရပါ။ (၅.၂)
- ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးမူဝါဒမှ ဤသို့ ဖော်ပြထားသည် –
  - တန်းတူညီမျှရေးနှင့် အားလုံးပါဝင်နိုင်ရေးအပေါ် အဖွဲ့အစည်း၏ သန္နိဋ္ဌာန် (၅.၁)
  - အဖွဲ့အစည်းမှ ကလေးအားလုံး၏ မတူညီသော လိုအပ်ချက်များကို အသိအမှတ်ပြု အလေးထားပုံ (၅.၁)
  - အဖွဲ့အစည်းမှ ကလေးများ သို့မဟုတ် ၎င်းတို့မိသားစုများ၏ တစ်ယောက်ချင်း လိုအပ်ချက်များကို ဖော်ထုတ်ရန် ဖြေရှင်းနည်းများ ပံ့ပိုးပုံ (၅.၁)
  - အဖွဲ့အစည်းမှ ကလေးများကို အကြောင်းအချက်များ၊ ပံ့ပိုးမှု ရရှိရန်နှင့် တိုင်ကြားရေးလမ်းစဉ်များကို ယဉ်ကျေးမှုကို မထိခိုက်စေပြီး၊ အလွယ်တကူ နားလည်နိုင်သည့် ပုံစံများဖြင့် ပံ့ပိုးပုံ (၅.၂)
  - အဖွဲ့အစည်းမှ တန်းတူညီမျှရေးကို အားပေးထောက်ခံပြီး ကလေးများအားလုံး ပါဝင်မှုကို အားပေးသည့် သင့်လျော်သော ပြောင်းလဲမှုများ ပြုလုပ်သည့်အပြင် ကလေးများအားလုံး၏ လိုအပ်ချက်များကို တုံ့ပြန်ဖြေရှင်းပုံ (၅.၁၊ ၅.၃၊ ၅.၄)
  - အဖွဲ့အစည်းမှ ကလေးများအားလုံးအတွက် တန်းတူညီမျှရေးကို ထိန်းသိမ်းပြီး မသန်စွမ်းမှု၊ လူမျိုး၊ မျိုးနွယ်စု၊ ဘာသာ၊ လိင်၊ ဒွိလိင်အခြေအနေ၊ လိင်သတ်မှတ်ချက် သို့မဟုတ် လိင်တိမ်းညွတ်မှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်းမှ ဖြစ်လာသည့် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဘေးအန္တရာယ်ကို ကာကွယ်ပေးပုံ။ (၅.၁၊ ၅.၃၊ ၅.၄)

### လုပ်ဆောင်ချက်များ

- အဖွဲ့အစည်းအနေဖြင့် ၎င်းနှင့် ထိတွေ့နေသည့် သို့မဟုတ် ထိတွေ့နိုင်သည့် ကလေးများ၏ မတူကွဲပြားအခြေအနေများနှင့် လိုအပ်ချက်များကို နားလည်ရန် ဆောင်ရွက်ရမည်။ (၅.၁၊ ၅.၃)
- ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများကို–

[20] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

- ကလေးများ၏ မတူကွဲပြားအခြေအနေများ၊ ကလေးတစ်ဦး၏ ဘေးအန္တရာယ် ဖြစ်လွယ်ခြင်းကို များစေမည့် အကြောင်းရင်းများကို ဖော်ထုတ်ပုံနှင့် ကလေးများအားလုံးအတွက် တန်းတူညီမျှရေးနှင့် ဘေးကင်းမှု မြှင့်တင်ရေးနှင့်ပတ်သက်သည့် အကြောင်းအချက်များနှင့် လမ်းညွှန်ချက်များကို ပံ့ပိုးပေးရမည်
- ဘေးအန္တရာယ်ဖြစ်လွယ်သည့် လက္ခဏာများ တိုးများလာသည့်အခါ စုံစမ်းမေးမြန်းခြင်းများနှင့် တုံ့ပြန်ခြင်းများအပါအဝင် ဘေးအန္တရာယ်ဖြစ်လွယ်သည့် ကလေးများကို အားပေးပြီး အရေးယူဆောင်ရွက်ပေးရမည်
- ကလေးများအားလုံးအတွက် တန်းတူညီမျှမှုကို ဆက်လက် ထိန်းသိမ်းထားရန် အရေးယူဆောင်ရွက်ပြီး၊ ကလေးသူငယ် ဘေးကင်းစေရေးကို မြှင့်တင်ပြီး ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် ဘေးအန္တရာယ်ကို ကာကွယ်ပေးရမည်။ (၅.၁၊ ၅.၃၊ ၅.၄)

- ခေါင်းဆောင်များသည် တန်းတူညီမျှမှု ရရှိရေးနှင့် မတူကွဲပြားမှု လေးစားရေးအတွက် ရှင်းလင်းသော မျှော်မှန်းချက်များ ချမှတ်ထားရမည်။ (၅.၁ နှင့် ၂.၂ သို့ လင့်ခ်)
- အဖွဲ့အစည်းမှ ကလေးများအားလုံး ပူးပေါင်းပါဝင်ရန် ထိုက်သင့်သော ပံ့ပိုးပေးထားမှု ရှိရန် ဆောင်ရွက်ပေးရမည်။ (၅.၁)

# စံနှုန်း ၆ – ကလေးလူငယ်များအတွက် လုပ်ကိုင်နေသောသူများမှာ ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး တန်ဖိုးများကို လက်တွေ့တွင် ထင်ဟပ်လာစေရာတွင် သင့်တော်ပြီး ပံ့ပိုးပေးရမည်။

**ကလေးသူငယ် ဘေးကင်းလုံခြုံမှုစံနှုန်း ၆ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၆.၁ ကြော်ငြာခြင်း၊ နောက်ကြောင်းစစ်ဆေးခြင်းများနှင့် ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများ အလုပ်မခန့်မီ စစ်ဆေးမှုအပါအဝင် ဝန်ထမ်းခန့်ထားမှုမှုတစ်ဆင့် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးကို အလေးထားဆောင်ရွက်ရမည်။

၆.၂ သက်ဆိုင်ရာ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများတွင် မကြာမီက လုပ်ထားသော ကလေးများနှင့်အတူ အလုပ်လုပ်ခြင်း စစ်ဆေးမှုများ သို့မဟုတ် အလားတူ နောက်ကြောင်းစစ်ဆေးမှုများ ရှိရမည်။

၆.၃ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအားလုံးသည် သင့်လျော်သော လုပ်ငန်းဝင်ချိန် အစီအစဉ်တစ်ခု ရှိပြီး မှတ်တမ်းထိန်းသိမ်းခြင်း၊ အကြောင်းအချက်များ မျှဝေခြင်းနှင့် တာဝန်များကို အစီရင်ခံခြင်းအပါအဝင် ၎င်းတို့၏ ကလေးလူငယ်များဆိုင်ရာ တာဝန်ဝတ္တရားများကို သိရှိရမည်။

၆.၄ လက်ရှိ ကြီးကြပ်မှုပေးခြင်းနှင့် လူသားစီမံခန့်ခွဲမှုတို့သည် ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးအပေါ် အလေးထားရမည်။

## အဓိကအချက်များ

- ဝန်ထမ်းခန့်ထားမှု နည်းလမ်းကောင်းများနှင့် ပြည့်စုံသော ရွေးချယ်မှုစနစ်များသည် ကလေးများအပေါ် ဘေးအန္တရာယ်များ မကျရောက်စေရန် ကာကွယ်ပေးရာတွင် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ရမည်။
- ဝန်ထမ်းခန့်ထားမှုသည် ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း တစ်ဦးစီ၏ ရာထူးဆိုင်ရာ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရာများအပြင် ကလေးများနှင့် ရှိလာမည့် ဆက်သွယ်မှုအမျိုးအစားကို ရှင်းရှင်းလင်းလင်း ဖော်ပြထားသော အဖွဲ့အစည်းများနှင့် စတင်ရပါမည်။ ထိုမှသာ အဖွဲ့အစည်းများအား လျှောက်ထားသူများအနေဖြင့် ရှိထားရမည့် အရည်အချင်းများ၊ အတွေ့အကြုံများနှင့် ပင်ကိုယ်အရည်အသွေးများကို သိရှိရန် ကူညီပေးနိုင်ပါမည်။
- အလုပ်ကြော်ငြာများသည် ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးအပေါ် ထားရှိသည့် အဖွဲ့အစည်း၏ သန္နိဋ္ဌာန်ကို ရှင်းလင်းစွာ ဖော်ပြသင့်ပါသည်။
- ကလေးများနှင့်အတူ အလုပ်လုပ်ခြင်း စစ်ဆေးမှုမှာ ၎င်းတို့၏ မှတ်တမ်းများ စစ်ဆေးခြင်းဖြင့် ၎င်းတို့သည် ကလေးသူငယ်များအား မသင့်လျော်သော ဘေးအန္တရာယ်တစ်ခု ပေးနိုင်သည်ကို ပြသပါက၊ ကလေးများနှင့် အလုပ်လုပ်မည့် သို့မဟုတ် စေတနာ့ဝန်ထမ်းလုပ်မည့်သူများကို တားဆီးရန် ရည်ရွယ်ထားပါသည်။ အချို့သူများသည် ဥပဒေအရ တရားဝင်စစ်ဆေးမှုတစ်ခု ရရှိထားရန် လိုအပ်ပါသည်။ အဖွဲ့အစည်းများသည် ဥပဒေအရ မသတ်ထားသော်လည်း ၎င်းတို့၏ စစ်ဆေးရေးလမ်းစဉ်တစ်စိတ်တစ်ပိုင်းအနေဖြင့် လူများကို တရားဝင်စစ်ဆေးမှုတစ်ခု ရရှိထားရန် လိုအပ်ချက်ကို ရွေးချယ်ထားနိုင်သည်။
- ကလေးများနှင့်အတူ အလုပ်လုပ်ခြင်း စစ်ဆေးမှုသည် သင့်အဖွဲ့အစည်းအတွင်းရှိ ကလေးများကို ဘေးအန္တရာယ်ကင်းစွာ ထားရှိရန် အသုံးဝင်သည့် စစ်ဆေးမှုတစ်ခု ဖြစ်ပါသည်။ သို့သော် ၎င်းသည်

သီးခြားနေရာတစ်ခုတွင် ကလေးများနှင့်အတူ လုပ်ကိုင်ရန် သို့မဟုတ် စောင့်ရှောက်ရန် သင့်တော်မှုရှိမရှိကို မဆန်းစစ်ပါ။ ၎င်းတို့ သင့်တော်မှုရှိမရှိကို ဆန်းစစ်ရန် လျှောက်ထားသူ၏ တန်ဖိုးများကို သိရှိရန် ကြိုးစားရမည်။

- ထောက်ခံချက်များကို မှန်မှန်ကန်ကန် စစ်ဆေးရန် ပျက်ကွက်ခြင်းသည် ကလေးသူငယ် ဘေးကင်းစေရေးကို ထိခိုက်နိုင်သည်။ ထောက်ခံချက်များကို စစ်ဆေးခြင်းသည် သင့်အား လျှောက်ထားသူ၏ အကြောင်းအချက်များကို အတည်ပြုရန်နှင့် လူတွေ့မေးမြန်းမှုမှ ၎င်းတို့၏ တုံ့ပြန်ချက်များမှတဆင့် သင့်တွင် ဖြစ်နိုင်သည့် စိုးရိမ်မှုများကို စုံစမ်းလေ့လာခွင့် ပေးထားပါသည်။
- ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများကို ၎င်းတို့၏ အခန်းကဏ္ဍများနှင့် အဖွဲ့အစည်းတွင် သင့်တော်စွာ ရှင်းလင်းမှု ပေးရမည်၊ သို့မှသာ ၎င်းတို့အနေဖြင့် ကလေးများနှင့်ပတ်သက်သည့် ၎င်းတို့၏ တာဝန်ဝတ္တရားများနှင့် ကလေးများအတွက် ဘေးအန္တရာယ်ကင်းသည့် ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပုံကို နားလည်မည် ဖြစ်ပါသည်။ ၎င်းတွင် သင့်အဖွဲ့အစည်း၏ ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး မူဝါဒနှင့် ကျင့်ဝတ်စည်းကမ်းများအတွက် သုံးသပ်ချက်တစ်ခု ပံ့ပိုးမှု ပါဝင်ရမည်။
- လုပ်ငန်းအကြောင်း ရှင်းလင်းမှုပေးရာတွင် သင့်အဖွဲ့အစည်း၏ တိုင်ကြားချက်ဆိုင်ရာ ကိုင်တွယ်ဖြေရှင်းရေးမူဝါဒ၊ အစီရင်ခံခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်းနှင့် အကြောင်းအချက်မျှဝေခြင်းဆိုင်ရာ တာဝန်များနှင့်ပတ်သက်သော အကြောင်းအချက်များလည်း ပါဝင်ရမည်။ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် ကလေးသူငယ်ဘေးကင်းစေရေး သို့မဟုတ် ကျန်းမာရွှင်လန်းစေရေးအတွက် စိုးရိမ်မှုများရှိလျှင် လုပ်ဆောင်ရမည့်အရာနှင့်ပတ်သက်၍ ရှင်းလင်းသည့် အကြောင်းအချက်များ ရရှိသင့်သည်။
- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ကြီးကြပ်မှုပေးခြင်းသည် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးကို မြှင့်တင်ပေးသည့်အပြင် မန်နေဂျာများနှင့် ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းတစ်ဦးစီအကြား ရှင်းလင်းသည့် စွမ်းဆောင်ရည်စံနှုန်းများနှင့် ပုံမှန်တွေ့ဆုံမှုများသည် ပြဿနာများကို ဆွေးနွေးပြီး စိုးရိမ်မှုများကို ဖော်ထုတ်ပေးပါမည်။ ပုံမှန်ကြီးကြပ်မှုပေးခြင်းသည် မန်နေဂျာများမှ တုံ့ပြန်ချက် ပေးရန်နှင့် ကလေးများအပေါ် ဘေးအန္တရာယ် မရှိမီ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ ပြုမူသည့် ဘေးမကင်းသော သို့မဟုတ် စိုးရိမ်ဖွယ်ရာ လုပ်ဆောင်မှုကို ဖြေရှင်းစေနိုင်ပါမည်။

## လိုက်နာမှု ညွှန်းကိန်းများ

**ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။**

အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းများကို ထုတ်ပြန်ပြီး ဤစံနှုန်းကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းအား ပံ့ပိုးပေးသည့်နည်းလမ်းဖြင့် ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဆိုပါက လိုက်နာခြင်းဖြစ်ပါသည်။[21]

### စာရွက်စာတမ်းများ

- အလုပ်ကြော်ငြာတွင် ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးအပေါ် ထားရှိသည့် အဖွဲ့အစည်း၏ သန္နိဋ္ဌာန်ကို ဖော်ပြရမည်။ (၆.၁)

[21] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

- ရာထူးသတ်မှတ်ဖော်ပြချက်များမှ ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးနှင့် စပ်လျဉ်းသည့် ရာထူး၏ လိုအပ်ချက်များ၊ တာဝန်များနှင့် ဝတ္တရားများဆိုင်ရာ တိကျသောမျှော်မှန်းချက်များကို ချမှတ်ထားရမည်။ (၆.၁)
- အဖွဲ့အစည်းတွင် ဝန်ထမ်းသစ်စုဆောင်းခြင်း၊ လူသားရင်းမြစ်များနှင့် စေတနာ့ဝန်ထမ်းဆိုင်ရာ မူဝါဒများတွင် ဤသို့ ဖော်ပြရမည် –
  - ကလေးများနှင့်လုပ်ကိုင်ရန် သင့်တော်သော လူများကို ခန့်အပ်ရန်အတွက် အဖွဲ့အစည်းများကို ထောက်ပံ့ပေးသည့် ဝန်ထမ်းသစ်စုဆောင်းရေး ကျင့်သုံးမှုများ (၆.၁)
  - လူတွေ့မေးမြန်းခြင်း၊ ထောက်ခံချက်စစ်ဆေးမှုများ၊ ကလေးများနှင့်အတူ အလုပ်လုပ်ခြင်း စစ်ဆေးမှုများနှင့် အခြားမှတ်ပုံတင်ခြင်း သို့မဟုတ် နောက်ကြောင်းစစ်ဆေးခြင်းများအပါအဝင် အလုပ်မခန့်မီ စစ်ဆေးရေး ကျင့်သုံးမှုများ (၆.၂)
  - အဖွဲ့အစည်း၏ ကလေးသူငယ်ဘေးကင်းစေရေး ကျင့်သုံးမှုများနှင့် ပတ်သက်သည့် လုပ်ငန်းအကြောင်း ရှင်းလင်းမှုပေးရာတွင် လိုအပ်ချက်များ (၆.၃)
  - ကြီးကြပ်မှုပေးခြင်းနှင့် လူသားစီမံခန့်ခွဲမှုဆိုင်ရာ ကျင့်သုံးမှုများမှ ကလေးများနှင့်လုပ်ကိုင်ရန် လူတစ်ဦးအဖြင့် သင့်တော်မှုရှိ မရှိ လက်ရှိ ဆောင်ရွက်နေသောအကဲဖြတ်မှုကို ထောက်ပံ့ပေးပုံ။ (၆.၄)
- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် လုပ်ငန်းအကြောင်း ရှင်းလင်းမှုပေးခြင်း စာရွက်စာတမ်းများတွင် ဤသည်တို့ ပါဝင်ရမည် –
  - ကျင့်ဝတ်စည်းကမ်းများ
  - ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးမူဝါဒ
  - အစီရင်ခံခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်းနှင့် အကြောင်းအချက်မျှဝေခြင်းဆိုင်ရာ တာဝန်များအပြင် အဖွဲ့အစည်း၏ ကလေးသူငယ်ဘေးကင်းစေရေးနှင့် တိုင်ကြားရေးလမ်းစဉ်နှင့်ပတ်သက်သော အကြောင်းအချက်များ။ (၆.၃ နှင့် ၈.၁ သို့ လင့်ခ်)

## လုပ်ဆောင်ချက်များ

- ရာထူးတစ်ခုစီအတွက် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး လိုအပ်ချက်များကို ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းသစ်တစ်ဦး မခန့်အပ်မီ အကဲဖြတ်ထားရမည်။ ယင်းတို့တွင် ပါဝင်သည်များမှာ –
  - လိုအပ်သော အရည်အချင်းများ၊ အတွေ့အကြုံနှင့် အရည်အချင်းများ
  - ကလေးများနှင့်ဆိုင်သော တာဝန်များနှင့် ဝတ္တရားများ
  - စစ်ဆေးခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် ကြီးကြပ်မှုပေးခြင်းဆိုင်ရာ လိုအပ်ချက်များအပါအဝင် ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်ခြင်း သို့မဟုတ် ဘေးအန္တရာယ်ပေးခြင်းကို စီမံကိုင်တွယ်ရန် လိုအပ်သော အစီအစဉ်များ။ (၆.၁)
- လျှောက်လွှာတင်ခြင်း၊ လူတွေ့မေးမြန်းခြင်းနှင့် စစ်ဆေးရေးလုပ်ငန်းစဉ်မှတစ်ဆင့် ရှိနိုင်သော ကလေးသူငယ်ဘေးကင်းစေရေးဆိုင်ရာ စိုးရိမ်မှုများကို ဖော်ထုတ်ကိုင်တွယ်ပုံအပါအဝင် ဝန်ထမ်းသစ်စုဆောင်းရေးလုပ်ငန်းစဉ်တွင် ကလေးသူငယ်ဘေးကင်းစေရေးကို ဦးစားပေးပုံနှင့်ပတ်သက်၍ ဝန်ထမ်းခန့်ထားရေးဝန်ထမ်းကို အကြောင်းအချက်နှင့် လမ်းညွှန်ချက်များ ပံ့ပိုးပေးထားရမည်။ (၆.၁)
- ဝန်ထမ်းစုဆောင်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်သည်များမှာ –
  - ကလေးများနှင့်လုပ်ကိုင်ရန် ရေရှည်တည်တံ့မှုကို ပျိုးထောင်ရာတွင် တန်ဖိုးကိုအခြေခံသည့် လူတွေ့မေးမြန်းခြင်းအတွက် မေးခွန်းများ

- ထောက်ခံသူစစ်ဆေးခြင်းများ၊ ကလေးများနှင့်အတူ အလုပ်လုပ်ခြင်း စစ်ဆေးမှုနှင့် အခြားမှတ်ပုံတင်ခြင်း သို့မဟုတ် နောက်ခံစစ်ဆေးခြင်းများအပါအဝင် အလုပ်မခန့်မီ စစ်ဆေးရေးကျင့်သုံးမှုများ
- အရည်အချင်းများ၊ မှတ်ပုံတင်ခြင်းများနှင့် ကလေးများနှင့်အတူ အလုပ်လုပ်ခြင်း စစ်ဆေးမှုများအတွက် လိုအပ်သည့် အတည်ပြုချက်များသည် တရားဝင်သက်တမ်းရှိပြီး နောက်ဆုံးရ ဖြစ်ရမည်
- ဝန်ထမ်းစုဆောင်းရေးလုပ်ငန်းစဉ်၏ မှတ်တမ်းများကို ထိန်းသိမ်းခြင်း (၆.၁)

- ကြီးကြပ်မှုပေးခြင်းနှင့် လူသားစီမံခန့်ခွဲမှုတွင် ဝန်ထမ်းများအနေဖြင့် ကျင့်ဝတ်စည်းမျဉ်းများနှင့် အခြားကလေးသူငယ်လုံခြုံရေး မူဝါဒများကို လိုက်နာခြင်းရှိမရှိ စစ်ဆေးရန် မှန်မှန်သုံးသပ်ချက်များ ပါဝင်ရမည်။ (၆.၄)

- ကလေးသူငယ်ဘေးကင်းစေရေးအပေါ် စိုးရိမ်မှုရှိသည့် ဝန်ထမ်းများ သို့မဟုတ် စေတနာ့ဝန်ထမ်းများကို စီမံခန့်ခွဲသည့်အခါ အသုံးပြုနိုင်ရန် လူသားစီမံခန့်ခွဲရေး မန်နေဂျာများအတွက် လမ်းညွှန်ချက် ပံ့ပိုးပေးထားရမည်။ (၆.၄)

- အရည်အချင်းများ၊ ကလေးများနှင့်အတူ အလုပ်လုပ်ခြင်း စစ်ဆေးမှုနှင့် အခြားမှတ်ပုံတင်ခြင်း သို့မဟုတ် ဆောင်ရွက်ဆဲ စစ်ဆေးမှုများအတွက် ပြောင်းလဲမှုများနှင့် တရားဝင်မှုကို မှန်မှန် စစ်ဆေးရပါမည်။ အရည်အချင်းများ၊ ကလေးများနှင့်အတူ အလုပ်လုပ်ခြင်း စစ်ဆေးမှုနှင့် အခြားမှတ်ပုံတင်ခြင်း သို့မဟုတ် ဆောင်ရွက်ဆဲ စစ်ဆေးမှုများအတွက် တရားဝင်မှု မရှိသောအခါ ကလေးများအပေါ် ကျရောက်နိုင်သည့် ဘေးအန္တရာယ်များကို စီမံခန့်ခွဲရန် အရေးယူဆောင်ရွက်ရပါမည်။ (၆.၂)

- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးနှင့်ပတ်သက်၍ တစ်ဦးစီ၏ ရာထူးလိုအပ်ချက်များ၊ တာဝန်များ၊ ဘေးအန္တရာယ်များနှင့် ဝတ္တရားများနှင့်လိုက်ဖက်စေရန် ချိန်ညှိထားသည့် လုပ်ငန်းအကြောင်း ရှင်းလင်းခြင်းကို ရရှိပါမည်။ လုပ်ငန်းအကြောင်း ရှင်းလင်းခြင်းတွင် အစီရင်ခံခြင်း၊ မှတ်တမ်းထိန်းသိမ်းခြင်းနှင့် အကြောင်းအချက်မျှဝေခြင်းတာဝန်များအပြင် အဖွဲ့အစည်း၏ ကလေးသူငယ်ဘေးကင်းစေရေး ကျင့်သုံးမှုများနှင့် တိုင်ကြားရေးလုပ်ငန်းစဉ်တို့ ပါဝင်သည်။ (၆.၃)

# စံသတ်မှတ်ချက် ၇ – တိုင်ကြားရေးနှင့် စိုးရိမ်မှုများဆိုင်ရာ လုပ်ငန်းစဉ်များသည် ကလေးကို ဦးတည်အလေးပေးပါသည်

**ကလေးသူငယ် ဘေးကင်းလုံခြုံမှုစံနှုန်း ၇ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၇.၁ အဖွဲ့အစည်းတွင် ခေါင်းဆောင်ပိုင်း၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ အခန်းကဏ္ဍများနှင့် တာဝန်များ၊ တိုင်ကြားချက်အမျိုးမျိုး ဖြေရှင်းရေးနည်းများ၊ သက်ဆိုင်ရာမူဝါဒများ သို့မဟုတ် ကျင့်ဝတ်စည်းကမ်းများနှင့် လုပ်ဆောင်ရေးနှင့် အစီရင်ခံရေးဆိုင်ရာ တာဝန်များအား ချိုးဖောက်မှုများကို ပြတ်သားစွာ ဖော်ပြသည့် ကလေးဦးစားပေးတိုင်ကြားချက် ဖြေရှင်းရေးမူဝါဒကို ရှိရပါမည်။

၇.၂ ထိရောက်သော တိုင်ကြားချက် ဖြေရှင်းရေး လုပ်ငန်းစဉ်များကို ကလေးလူငယ်များ၊ မိသားစုများ၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ နားလည်နိုင်ရမည်ဖြစ်ပြီး ၎င်းတို့မှာ ယဉ်ကျေးမှုကို မထိခိုက်စေရပါ။

၇.၃ တိုင်ကြားချက်များကို အလေးထား၍ ကိုင်တွယ်ပြီး ချက်ချင်း ပြည့်ပြည့်စုံစုံ တုံ့ပြန်ဖြေရှင်းရပါမည်။

၇.၄ အဖွဲ့အစည်းတွင် တိုင်ကြားချက်များနှင့် စိုးရိမ်မှုများအား သက်ဆိုင်ရာအာဏာပိုင်များသို့ အစီရင်ခံခြင်း၊ ဥပဒေအရ တိုင်ကြားခြင်းနှင့် ဥပဒေစိုးမိုးရေးအဖွဲ့နှင့် ပူးပေါင်းမှုများကို ဖော်ပြထားသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ရှိရပါမည်။

၇.၅ အစီရင်ခံခြင်း၊ အတွင်းရေးလျှို့ဝှက်ချက်နှင့် အလုပ်ခန့်အပ်ရေးဥပဒေဆိုင်ရာ ကျင့်ဝတ်များနှင့် ကိုက်ညီမှု ရှိရမည်။

## အဓိကအချက်များ

- ကလေးကို ဦးတည်သည့် တိုင်ကြားချက် ဖြေရှင်းရေးလုပ်ငန်းစဉ်သည် အဖွဲ့အစည်းများအား အပြုသဘောဆောင်သော တိုင်ကြားချက်အလေ့အထ ဖြစ်ရမည်။ ဆိုလိုသည်မှာ သင့်အဖွဲ့အစည်းအနေဖြင့် စိုးရိမ်မှုများ အစီရင်ခံရန် တိုက်တွန်းပေးပြီး ကြိုဆိုသင့်ပြီး၊ တိုင်ကြားချက်များကို ချက်ချင်းလက်ငင်း ပြည့်စုံစွာ၊ မျှတသော တုံ့ပြန်မှု ပေးရမည်အပြင် ဘေးအန္တရာယ်ရှိသော ကလေးငယ်များကို ကာကွယ်ရန် လက်ငင်း အရေးယူဆောင်ရွက်ရမည်။
- သင့်အဖွဲ့အစည်း၏ တိုင်ကြားချက်ဖြေရှင်းရေးမူဝါဒတွင် တိုင်ကြားချက်တစ် ပြုလုပ်ရန် သို့မဟုတ် ကလေးသူငယ်ဘေးကင်းစေရေးဆိုင်ရာ စိုးရိမ်မှုတစ်ခုကို ဖော်ထုတ်ရန်အတွက် ကလေးများအပြင် လူကြီးများအတွက် လုပ်ငန်းစဉ်တစ်ခု ဖော်ပြပေးသင့်သည်။ လူကြီးများနှင့် ကလေးများအတွက် တိုင်ကြားရေးလုပ်ငန်းစဉ်မှာ ကွဲပြားနိုင်ပါသည်။
- တိုင်ကြားချက်ဖြေရှင်းရေးမူဝါဒသည် စွပ်စွဲထားသော ညှဉ်းပန်းနှိပ်စက်မှုနှင့် လူကြီးများနှင့် အခြားကလေးများမှ ကလေးများအပေါ် ဘေးအန္တရာယ်ပေးခြင်းကို ဖော်ပြသင့်သည်။
- တိုင်ကြားချက်ဖြေရှင်းရေးမူဝါဒသည် အကြောင်းကြားသင့်သော တိုင်ကြားချက်မျိုးစုံ သို့မဟုတ် စိုးရိမ်ရသော အမူအကျင့်မျိုးစုံကို ဖော်ပြပြီး၊ မဖြစ်မနေ အကြောင်းကြားရမည့် တာဝန်အပါအဝင် မည်သည်တို့ကို တိုင်ကြားရမည်ကို ရှင်းလင်းစွာ လမ်းညွှန်ချက် ပေးသင့်သည်။ ထိုမူဝါဒတွင် တိုင်ကြားချက်ကို မည်သူ့ထံ ပို့ရမည်ကို ရှင်းလင်းစွာ ဖော်ပြသင့်သည်။
- သင့်အဖွဲ့အစည်း၏ တိုင်ကြားချက်ဖြေရှင်းရေးမူဝါဒနှင့် လုပ်ငန်းစဉ်များကို ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၊ ကလေးများနှင့် မိသားစုများ အလွယ်တကူ ရရှိနိုင်ရမည်။ သင့်အနေဖြင့် ကလေးများအတွက် ရရှိနိုင်သော သီးခြားမူဝါဒတစ်ခု သို့မဟုတ် လုပ်ငန်းစဉ်တစ်ခုကို ရေးသားရန် ရွေးချယ်နိုင်သည်။ ၎င်းမှာ လွယ်ကူသော

လုပ်ငန်းစဉ်အဆင့်ဆင့်ပြ ကားချပ် သို့မဟုတ် ပိုစတာတစ်ခု ဖြစ်နိုင်ပြီး၊ ကလေးများ တိုင်ကြားချက် သို့မဟုတ် စိုးရိမ်မှုရှိပါက ၎င်းတို့ လုပ်ဆောင်နိုင်သည်ကို ရှင်းလင်းစွာ အကြောင်းအချက်များ ပံ့ပိုးပေးနိုင်ရမည်။ မိသားစုများအတွက် သီးခြား အကြောင်းအချက်များ ဖန်တီးပေးရန်လည်း ရွေးချယ်နိုင်ပါသည်။

- တိုင်ကြားချက်များနှင့် ဘေးကင်းစေရေး စိုးရိမ်မှုများ သို့မဟုတ် ညည်းပန်နှိပ်စက်မှုကို ဖော်ထုတ်သော ကလေးများကို သိမ်မွေ့စွာ ကိုင်တွယ်သင့်ပြီး ပံ့ပိုးမှုပေးသင့်ပါသည်။ ဤတိုင်ကြားချက်ကို ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ မည်သို့ ဆောင်ရွက်ရမည်ကို သိရှိရန် လမ်းညွှန်ချက်များ ပေးထားသင့်သည်။
- တိုင်ကြားချက် သို့မဟုတ် ဘေးကင်းရေး စိုးရိမ်မှု ဖော်ထုတ်သည်နှင့် ကလေးများဘေးကင်းရေးကို ဦးစားပေးဆောင်ရွက်ရန်သည် အဖွဲ့အစည်း၏ အဓိကတာဝန် ဖြစ်ရမည်။ ချက်ချင်းဖြစ်နိုင်သည့် ဘေးအန္တရာယ်များကို စိစစ်ရန် အရေးကြီးပြီး၊ ထိုမှတဆင့် သင့်အဖွဲ့အစည်း ဆောင်ရွက်ရမည့် နောက်အဆင့်များကို လမ်းညွှန်ပေးနိုင်မည်။
- သင်၏ တိုင်ကြားချက်ဖြေရှင်းရေး မူဝါဒသည် ဖော်ထုတ်မှုများ၊ တိုင်ကြားချက်များ၊ ဘေးကင်းရေး စိုးရိမ်မှုများကို သင့်အဖွဲ့အစည်းအတွင်းနှင့် ပြင်ပအာဏာပိုင်များကိုပါ အကြောင်းကြားရန် လုပ်ငန်းစဉ်ကို ဖော်ပြသင့်သည်။
- သင်၏ တိုင်ကြားချက်ဖြေရှင်းရေး မူဝါဒသည် သင့်အဖွဲ့အစည်းအား တိုင်ကြားချက်အတွက် စုံစမ်းမှုများပြုလုပ်ရန် ပံ့ပိုးပေးသင့်ပြီး၊ ဆောင်ရွက်ဆဲ ဘေးအန္တရာယ်စီမံခန့်ခွဲမှုများ၊ မျှတမှုနှင့် ပွင့်လင်းမြင်သာမှုလုပ်ငန်းစဉ်များနှင့် သဘောထားကွဲလွဲမှုများကို စီမံရန် လမ်းညွှန်ချက်များ ပါဝင်သင့်သည်။
- သင့်အဖွဲ့အစည်းသည် ဗစ်တိုးရီးယားရဲတပ်ဖွဲ့၊ ကလေးကာကွယ်ရေး၊ ကော်မရှင်နှင့် တိုင်ကြားချက်များနှင့် စိုးရိမ်မှုများကို ဖြေရှင်းရာ၌ ပါဝင်သော အခြားအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ကလေးသူငယ်ဘေးကင်းရေးကို ဦးစားပေး ဆောင်ရွက်ရမည်။ ၎င်းတို့အနေဖြင့် စုံစမ်းစစ်ဆေးရန် လိုအပ်နိုင်ပြီး အသိသက်သေများ ဖော်ထုတ်ရန်နှင့် ဆက်သွယ်ရန်၊ အထောက်အထား စုဆောင်းရန် သို့မဟုတ် ထိန်းသိမ်းရန်အတွက် သင့်အဖွဲ့အစည်း၏ ပံ့ပိုးမှုနှင့် ထောက်ပံ့မှုကို လိုအပ်နိုင်သည်။
- တိုင်ကြားချက် သို့မဟုတ် ဘေးကင်းရေး စိုးရိမ်မှုတစ်ခု ဖြေရှင်းခြင်း၏ အရေးကြီးသည့် အစိတ်အပိုင်းတစ်ခုမှာ တိကျသော ရလဒ်တစ်ခု ရရှိခြင်း ဖြစ်သည်။ ဆိုလိုသည်မှာ သင့်အဖွဲ့အစည်းသည် ပြဿနာနှင့် အထောက်အထားကို မှန်ကန်စွာသုံးသပ်ပြီးနောက် လုပ်ဆောင်ရမည်နှင့်ပတ်သက်၍ ဆုံးဖြတ်ချက် ချမှတ်ပြီး၊ ထိုဆုံးဖြတ်ချက်ကို သက်ဆိုင်ရာပုဂ္ဂိုလ်များကို ပြောပြကာ သင့်တော်သည့် အရေးယူဆောင်ရွက်မှု လုပ်ဆောင်ရမည်။
- လျှို့ဝှက်ထားရှိခြင်းသည် တိုင်ကြားချက်များဆိုင်ရာ လုပ်ငန်းစဉ်များအတွက် အရေးကြီးပါသည်။ လူအများတို့သည် တိုင်ကြားမှုတစ်ခု ပြုလုပ်သည့်အခါ လျှို့ဝှက်ထားရှိခြင်းနှင့် အတွင်းရေးလျှို့ဝှက်မှုနှင့် ပတ်သက်၍ စိုးရိမ်မှုများ ရှိနိုင်ပါသည်။ ၎င်းတို့သည် အမည်မဖော်ပြဘဲ တိုင်ကြားရန် ဆန္ဒရှိနိုင်သည် သို့မဟုတ် ရဲကဲ့သို့သော အာဏာပိုင်များနှင့် အကြောင်းအချက်များ မျှဝေခြင်းကို မလိုလားနိုင်ပါ။ တစ်ခါတစ်ရံ ကလေးများကို ကာကွယ်ရန်ဖြစ်စေ သို့မဟုတ် တိုင်ကြားခံရသူကို မျှတစွာဆက်ဆံရန်ဖြစ်စေ လျှို့ဝှက်ထားရှိခြင်းကို မပြုလုပ်နိုင်ပါ။ သင်၏တိုင်ကြားချက်ဖြေရှင်းရေး မူဝါဒသည် တိုင်ကြားချက်တစ်ခုပြုလုပ်သည့်အခါ လျှို့ဝှက်ထားရှိခြင်းကို စီမံပုံကို ရှင်းပြသင့်သည်။
- တိုင်ကြားမှုနှင့်ဆက်နွှယ်နေသော ကလေး သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးကို သိရှိစေမည့် ကိုယ်ရေးကိုယ်တာအချက်များကို သက်ဆိုင်ရာဥပဒေမှ ခွင့်ပြုထားသည့်အတိုင်းသာ အဖွဲ့အစည်းမှ ထုတ်ဖော်သင့်သည်။
- သင့်အဖွဲ့အစည်း၏ တိုင်ကြားချက်ဖြေရှင်းရေး မူဝါဒနှင့် လုပ်ငန်းစဉ်များသည် သင့်ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများနှင့်သက်ဆိုင်သော အလုပ်ခန့်ထားရေးဥပဒေဆိုင်ရာ တာဝန်များနှင့် ကိုက်ညီရမည်။ အလုပ်သမားတစ်ဦး၏ တာဝန်ဝတ္တရားအား စုံစမ်းစစ်ဆေးမှု တစ်ခုခုကို လုပ်ထုံးလုပ်နည်းအရ တရားမျှတမှုရှိအောင် သင် ဆောင်ရွက်သင့်သည်။

## လိုက်နာမှု ညွှန်းကိန်းများ

**ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။**

အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းများကို ထုတ်ပြန်ပြီး ဤစံနှုန်းကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းအား ပံ့ပိုးပေးသည့်နည်းလမ်းဖြင့် ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဆိုပါက လိုက်နာခြင်းဖြစ်ပါသည်။[22]

### စာရွက်စာတမ်းများ

- တိုင်ကြားချက်ဖြေရှင်းရေးမူဝါဒသည် နားလည်လွယ်ပြီး ယဉ်ကျေးမှုကို မထိခိုက်စေဘဲ၊ ရရှိနိုင်ရမည့်အပြင် ကလေးကို ဦးစားပေးရမည်။ တိုင်ကြားချက်ဖြေရှင်းရေး မူဝါဒတွင်–
  - လူကြီးများနှင့် ကလေးများ တိုင်ကြားချက်တစ်ခု လုပ်ဆောင်ပုံနှင့် အဖွဲ့အစည်းမှ တိုင်ကြားချက်များကို ချက်ချင်းတုံ့ပြန်ပြီး ပြည့်စုံစွာ စုံစမ်းစစ်ဆေးပုံနှင့်ပတ်သက်သည့် အကြောင်းအချက်များ ပါဝင်ရမည် (၇.၁၊ ၇.၂၊ ၇.၃)
  - မတူကွဲပြားသော ကလေးငယ်များ၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ မိသားစုများနှင့် လူမှုအသိုက်အဝန်းများ အသုံးပြုနိုင်သည့် တိုင်ကြားချက်လုပ်ငန်းစဉ်တစ်ခုကို ဖန်တီးပေးရမည် (၇.၁)
  - စွပ်စွဲထားသော ညှဉ်းပန်းနှိပ်စက်မှုများ၊ လူကြီးများနှင့် အခြားကလေးများမှ ကလေးငယ်များအပေါ် ဘေးအန္တရာယ်ပေးခြင်းကို ဖော်ပြရမည် (၇.၁၊ ၇.၄)
  - အဖွဲ့အစည်း၏ ကျင့်ဝတ်စည်းကမ်းများ ချိုးဖောက်ခြင်းများကို ဖော်ပြရမည် (၇.၁)
  - တိုင်ကြားသူများအတွက် မည်သည့်ပံ့ပိုးမှုနှင့် ထောက်ပံ့မှုများ ပေးသွားမည်ကို ရှင်းလင်းရမည် (၇.၁)
  - တိုင်ကြားချက်တစ်ခုကို ဖော်ထုတ်ပြီး စုံစမ်းစစ်ဆေးမှု ဆောင်ရွက်နေစဉ် ကလေးများအပေါ် ကျရောက်နိုင်သည့် ဘေးအန္တရာယ်များကို စီမံပုံကို ဖော်ပြရမည် (စံနှုန်း ၉ သို့ လင့်ခ်)
  - မှတ်တမ်းထိန်းသိမ်းရေးတာဝန်များကို ဖော်ပြရမည် (၇.၂ နှင့် ၂.၆ သို့ လင့်ခ်)
  - အတွင်းရေးလျှို့ဝှက်ခြင်းနှင့် အလုပ်ခန့်အပ်ရေး ဥပဒေဆိုင်ရာတာဝန်များ ကိုက်ညီစေရန် ထောက်ပံ့ပေးရမည်။ (၇.၅)
- ပုံနှိပ်ထားသော သို့မဟုတ် အွန်လိုင်းမှ စာရွက်စာတမ်းများသည် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကလေးများ၊ မိသားစုများနှင့် လူမှုအသိုက်အဝန်းများအတွက် တိုင်ကြားရေးလုပ်ငန်းစဉ်ကို ဖော်ပြရမည်။ (၇.၁၊ ၇.၂)
- မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများတွင် ဗစ်တိုးရီးယားရဲတပ်ဖွဲ့၊ ကလေးကာကွယ်ရေးနှင့် ကလေးလူငယ်များဆိုင်ရာကော်မရှင်များ အပါအဝင် အာဏာပိုင်များထံသို့ မည်သည့်အချိန်တွင် တိုင်ကြားချက်များကို အစီရင်ခံသင့်သည်နှင့် ပတ်သက်သည့် အကြောင်းအချက်များ ပါဝင်ရမည်။ (၇.၅)
- စည်းကမ်းလိုက်နာရေးမူဝါဒများသည် အဖွဲ့အစည်းအား တိုင်ကြားချက်တစ်ခု ပေါ်ပေါက်လာသည့်အခါ အရေးယူဆောင်ရွက်ရန် ပံ့ပိုးပေးရမည်။ (၇.၁)

---

[22] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

## လုပ်ဆောင်ချက်များ

- အဖွဲ့အစည်းအနေဖြင့် အဖွဲ့အစည်းနှင့် ဆက်စပ်နေသော လူတိုင်းအား တိုင်ကြားချက်တစ်ခု ပြုနိုင်သည့်အပြင် ရရှိအောင် ပြုလုပ်ရပုံနှင့်ဆိုင်သည့် အကြောင်းအချက်များကို ပြုလုပ်ပေးသည်။ (၇.၂၊ ၇.၄)
- အဖွဲ့အစည်းမှ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ပြင်ပ အာဏာပိုင်များအပါအဝင် တိုင်ကြားချက်နှင့် တိုင်ကြားပုံအကြောင်း ပံ့ပိုးမှုများနှင့် အကြောင်းအချက်များကို ပံ့ပိုးပေးရမည်။ (၇.၁၊ ၇.၄၊ ၇.၄)
- တိုင်ကြားချက်များကို လေးလေးနက်နက် ကိုင်တွယ်ရမည်၊ ဆိုလိုသည်မှာ အဖွဲ့အစည်းအနေဖြင့် တသမတ်တည်း ဤသို့ ပြုလုပ်ရမည် -
  - ကလေးများအပေါ် ရှိနိုင်သည့် အန္တရာယ်များကို ဖော်ထုတ်စီမံခြင်း
  - တိုင်ကြားချက်များကို ချက်ချင်း ပြည့်ပြည့်စုံစုံ တုံ့ပြန်ဆောင်ရွက်ခြင်း
  - ကလေးသူငယ်ဘေးကင်းစေရေးကို ဦးစားပေးဆောင်ရွက်ပြီး အတွင်းရေးလျှို့ဝှက်ချက်နှင့် အလုပ်ခန့်အပ်ရေးဥပဒေဆိုင်ရာ တာဝန်များနှင့်အညီလည်း ဆောင်ရွက်ရမည်
  - တိုင်ကြားမှုဖြစ်စဉ်တွင်ပါဝင်သူတိုင်းကို ပံ့ပိုးပေးခြင်း
  - စွပ်စွဲထားသော ကလေးများအား ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် ဘေးအန္တရာယ်ပေးမှုနှင့် စိုးရိမ်မှုတိုင်ကြားမှုများကို အာဏာပိုင်များထံ အစီရင်ခံပြီး တရားဥပဒေစိုးမိုးရေးအဖွဲ့နှင့် ပူးပေါင်းလုပ်ဆောင်ရမည်။ (၇.၁၊ ၇.၃၊ ၇.၄၊ ၇.၅ နှင့် စံနှုန်း ၉ သို့ လင့်ခ်)
- ကလေးသူငယ်ဘေးကင်းစေရေးနှင့်ပတ်သက်၍ ဖော်ထုတ်ထားသည့် စိုးရိမ်မှုများနှင့် စွပ်စွဲထားသော ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှု သို့မဟုတ် ဘေးအန္တရာပေးမှုနှင့်ပတ်သက်သည့် ထုတ်ဖော်ချက်များအပါအဝင် အဖွဲ့အစည်းသို့ တိုင်ကြားချက်များနှင့် တုံ့ပြန်ဆောင်ရွက် အရေးယူမှုများကို မှတ်တမ်းတင်ထားရမည်။ (၇.၃၊ နှင့် ၂.၆ သို့ လင့်ခ်)
- တိုင်ကြားချက်ဖြေရှင်းရေးမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲခြင်းနှင့် သုံးသပ်ခြင်းတွင် ကလေးများ၊ မိသားစုများနှင့် လူမှုအသိုင်းအဝန်းများနှင့် တိုင်ပင်ရမည်။ (၇.၂ နှင့် ၄.၃ သို့ လင့်ခ်)
- အဖွဲ့အစည်းသည် တိုင်ကြားချက်ဖြေရှင်းရေး မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ပုံမှန် ကာလအပိုင်းအခြားများတွင် သုံးသပ်ရမည်။ (၇.၁ နှင့် ၁၀.၁ သို့ လင့်ခ်)

# စံနှုန်း ၈ – ကလေးလူငယ်များကို ဘေးကင်းအောင် စောင့်ရှောက်ရာတွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို စဉ်ဆက်မပြတ် ပညာရေးနှင့် သင်တန်းများမှတစ်ဆင့် အသိပညာ၊ စွမ်းရည်များနှင့် အသိရှိမှုများကို ဖြည့်စည်းပေးရမည်

**ကလေးသူငယ် ဘေးကင်းလုံခြုံမှုစံနှုန်း ၇ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၈.၁ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား အဖွဲ့အစည်း၏ ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းမှုဝါဒကို ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရန် လေ့ကျင့်ပေးပြီး ပံ့ပိုးပေးထားရမည်။

၈.၂ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် အခြားကလေးများနှင့် လူငယ်များကြောင့် ဖြစ်လာသည့် ထိခိုက်မှုအပါအဝင် ကလေးထိခိုက်မှုကို ဖော်ပြသည့် အညွှန်းကိန်းများကို သိရှိရန်အတွက် သင်တန်းနှင့် အကြောင်းအချက်များ ရရှိရမည်။

၈.၃ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး ပြဿနာများကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်ရန်အတွက် သင်တန်းနှင့် အကြောင်းအချက်များရရှိပြီး ထိခိုက်မှုကို ထုတ်ဖော်သည့် လုပ်ဖော်ကိုင်ဖက်များကို ပံ့ပိုးရမည်။

၈.၄ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးလူငယ်များအတွက် ယဉ်ကျေးမှုကို မထိခိုက်သော ပတ်ဝန်းကျင်များ တည်ဆောက်ပေးပုံနှင့်ပတ်သက်သည့် သင်တန်းနှင့် အကြောင်းအချက်များ ရရှိရမည်။

## အဓိကအချက်များ

- အဖွဲ့အစည်း၏ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို မှန်ကန်စွာ အကြောင်းကြားခြင်း၊ လေ့ကျင့်ပေးခြင်းနှင့် ပံ့ပိုးပေးခြင်းဖြင့် ၎င်းတို့သည် အဖွဲ့အစည်း၏ ကလေးသူငယ်ဘေးကင်းရေး တန်ဖိုးများကို ပိုမိုထိန်းသိမ်းလာနိုင်ချေရှိပြီး စိုးရိမ်မှုများကို ၎င်းတို့၏မန်နေဂျာ သို့မဟုတ် ကလေးသူငယ်ဘေးကင်းစေရေးဝန်ထမ်းအား ပိုမိုအစီရင်ခံတင်ပြနိုင်သည့်အလားအလာရှိပါမည်။
- ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး မူဝါဒ ရှိရုံမျှဖြင့် ကလေးများကို ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုမှ မကာကွယ်နိုင်ပါ။ အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ကလေးငယ်များအား ဘေးအန္တရာယ်ကင်းစေရန် ထိန်းသိမ်းစောင့်ရှောက်ရန် အသိပညာနှင့် စွမ်းရည်များ လေ့ကျင့်ပေးရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် ၎င်းတို့၏တာဝန်များကို ထမ်းဆောင်ရာတွင် အသုံးပြုနိုင်ရန် ၎င်းတို့ကို ဆက်တိုက်ပညာရေးနှင့် သင်တန်းများ ပံ့ပိုးပေးရမည်။
- ကလေးသူငယ်ဘေးကင်းစေသောအဖွဲ့အစည်းသည် ၎င်း၏ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ကလေးတစ်ဦး ညှန်းပန်းနှိပ်စက်မှု သို့မဟုတ် ထိခိုက်မှု ခံစားရနိုင်သည့် လက္ခဏာများကို ဖော်ထုတ်ရန် ပံ့ပိုးပေးရမည်။ တစ်ခါတစ်ရံ ကလေးတစ်ဦးသည် ၎င်းတို့ အန္တရာယ်ပြုခံနေရပါက လူတစ်ဦးကို ဖွင့်ဟပြောပြနိုင်သော်လည်း အခြားအချိန်များတွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် အမူအကျင့်၊ ခံစားချက်များ သို့မဟုတ် ရုပ်ပိုင်းသွင်ပြင်ပြောင်းလဲမှုများကို လေ့လာကြည့်ရှုရန် လိုအပ်ပါသည်။
- ကလေးသူငယ်ဘေးကင်းစေသောအဖွဲ့အစည်းသည် ၎င်း၏ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် ကလေးများကို ပံ့ပိုးပေးခြင်းနှင့် ၎င်းတို့၏ဖော်ထုတ်မှုတိုင်းကို တုံ့ပြန်ဆောင်ရွက်ခြင်းအပါအဝင်

ကလေးကျန်းမာရွှင်လန်းစေရေးနှင့် ဘေးကင်းစေရေးအကြောင်းများကို ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန် သင်တန်းများနှင့် အကြောင်းအချက်များလည်း ပံ့ပိုးပေးရမည်။

- ကလေးတစ်ဦး ဘေးအန္တရာယ်ရှိမှုကို ဖော်ထုတ်ခြင်းသည် သောကနှင့် စိတ်ဖိစီးမှု နှစ်ရပ်လုံး ဖြစ်စေနိုင်ပါသည်။ ဆိုလိုသည်မှာ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် မည်သူ့ထံမှ လမ်းညွှန်ချက်နှင့် ပံ့ပိုးမှုများ ရနိုင်ပြီး ၎င်းတို့၏လုပ်ဖော်ကိုင်ဖက်များကို မည်သို့ပံ့ပိုးပေးရမည်ကို သိရှိရန် အရေးကြီးပါသည်။
- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် အာဘော်ရီဂျင်နယ်လူမျိုးများနှင့် မတူခြားနား ယဉ်ကျေးမှုနှင့် ဘာသာစကားနောက်ခံများမှ လာသူများမှ ၎င်းတို့၏ယဉ်ကျေးမှုနှင့် စရိုက်လက္ခဏာများကို တန်ဖိုးထားလေးစားကြောင်း၊ လူမျိုးရေးခွဲခြားခြင်းကို သည်းမခံကြောင်း၊ ၎င်းတို့ဖြစ်တည်မှုကို ခံစားစေနိုင်ကြောင်း ရရှိစေရာတွင် လမ်းညွှန်မှုလိုအပ်ပါသည်။
- ဘေးအန္တရာယ်လက္ခဏာများအပါအဝင် ကလေးသူငယ် ဘေးကင်းလုံခြုံစေရေး အကြောင်းများနှင့်ပတ်သက်၍ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို သင်တန်းပေးခြင်းနှင့် အကြောင်းအချက်ပေးခြင်းသည် ခက်ခဲနိုင်ပါသည်၊ အထူးသဖြင့် ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုမှ လွတ်မြောက်လာသူများအတွက် ပို၍ ခက်ခဲနိုင်ပါသည်။ စိတ်ဒဏ်ရာသိရှိပြီးနောက်ချဉ်းကပ်နည်းသည် လူတစ်ဦးအပေါ် ကျရောက်သည့် စိတ်ဒဏ်ရာနှင့် စိတ်ဖိစီးမှု၏ သက်ရောက်မှုများကို နားလည်ခြင်းနှင့် ပံ့ပိုးပေးထားသော အကြောင်းအချက်သဘောနှင့် ပံ့ပိုးပုံအပေါ် သတိထားရှိခြင်း ဖြစ်ပါသည်။ ယင်းသည် တစ်ဦးတစ်ယောက်စီအတွက် ထပ်မံထိခိုက်မှုရခြင်းမှ ကာကွယ်ပေးသည်။

## လိုက်နာမှု ညွှန်းကိန်းများ

### ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။

အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းများကို ထုတ်ပြန်ပြီး ဤစံနှုန်းကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းအား ပံ့ပိုးပေးသည့်နည်းလမ်းဖြင့် ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဆိုပါက လိုက်နာခြင်းဖြစ်ပါသည်။[23]

### စာရွက်စာတမ်းများ

- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် လေ့ကျင့်ရေးအစီအစဉ်တွင် အောက်ပါတို့နှင့် ပတ်သက်သည့် သင်တန်းများ ပါဝင်သည် –
  - ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး မူဝါဒ (၈.၁)
  - ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် ဘေးအန္တရာယ်လက္ခဏာများ ဖော်ထုတ်ခြင်း (၈.၂)
  - ကလေးတစ်ဦးအပေါ် ဘေးအန္တရာယ်ကျရောက်မှု ထုတ်ဖော်သည့်သူအား ပံ့ပိုးပေးခြင်း (၈.၃)
  - ဌာနတွင်းနှင့် ဌာနပြင် အစီရင်ခံရေး လိုအပ်ချက်များ၊ မိသားစုများနှင့် စောင့်ရှောက်သူများအား အသိပေးခြင်းနှင့် ကလေးအပေါ် ကျရောက်နိုင်သည့် ဘေးအန္တရာယ်များကို စီမံခြင်းအပါအဝင် ကလေးသူငယ်ဘေးကင်းစေရေး အကြောင်းများကို ဖြေရှင်းပုံ (၈.၃)
  - ယဉ်ကျေးမှု မထိခိုက်စေရေး ပံ့ပိုးပေးပုံ။ (၈.၄)

[23] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအတွက် လမ်းညွှန်ချက် စာရွက်စာတမ်းများ (ဥပမာ – မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များ၊ အကြောင်းအချက်စာရွက်များနှင့် ပိုစတာများ) မှ အောက်ပါတို့ကို လမ်းညွှန်ချက်ပေးပါသည် –
  - အခြားကလေးများကြောင့် ဖြစ်ပွားမှုအပါအဝင် ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဘေးအန္တရာယ်အညွှန်းများ ဖော်ထုတ်ခြင်း (၈.၂)
  - ဌာနတွင်းနှင့် ဌာနပြင် အစီရင်ခံရေး လိုအပ်ချက်များ၊ မိသားစုများနှင့် စောင့်ရှောက်သူများအား အသိပေးခြင်းနှင့် ကလေးအပေါ် ကျရောက်နိုင်သည့် ဘေးအန္တရာယ်များကို စီမံခြင်းအပါအဝင် ကလေးသူငယ်ဘေးကင်းစေရေး အကြောင်းများကို ဖြေရှင်းပုံ (၈.၃)
  - ကလေးတစ်ဦးအပေါ် ဘေးအန္တရာယ်ကျရောက်မှု ထုတ်ဖော်သည့်သူအား ပံ့ပိုးပေးခြင်း (၈.၃)
  - အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုကို မထိခိုက်စေသော ပတ်ဝန်းကျင်များ ဖန်တီးခြင်း။ (၈.၄)
- လေ့ကျင့်ရေးမှတ်ပုံတင်စာရင်းတွင် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ သင်တန်းပြီးဆုံးမှုကို မှတ်တမ်းတင်ရမည်။ (၈.၁၊ ၈.၂၊ ၈.၃၊ ၈.၄)

## လုပ်ဆောင်ချက်များ

- ခေါင်းဆောင်များမှ ကလေးသူငယ် ဘေးကင်းစေရေးလေ့ကျင့်ရေးသည် မဖြစ်မနေ တက်ရမည်ဖြစ်ကြောင်း ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအား ရှင်းလင်း ပြောပြထားရမည်။ (၈.၁၊ ၈.၂၊ ၈.၃၊ ၈.၄)
- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ကလေးသူငယ် ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးမူဝါဒ အကြောင်းနှင့်ပတ်သက်၍ အလုပ်ဝင်ချိန်နှင့် ပုံမှန်ကြားကာလများတွင် သင်တန်းပေးထားရမည်။ (၈.၁)
- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို အောက်ပါတို့ လုပ်ဆောင်နိုင်ရန် အရည်အချင်းဖြင့် သင်တန်းများ ပေးရမည်–
  - ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ဘေးအန္တရာယ်လက္ခဏာများကို ဖော်ထုတ်ရန် (၈.၂)
  - ဌာနတွင်းနှင့် ဌာနပြင် အစီရင်ခံရေး လိုအပ်ချက်များ၊ မိသားစုများနှင့် စောင့်ရှောက်သူများအား အသိပေးခြင်းနှင့် ကလေးအပေါ် ကျရောက်နိုင်သည့် ဘေးအန္တရာယ်များကို စီမံခြင်းအပါအဝင် ကလေးသူငယ်ဘေးကင်းစေရေး အကြောင်းများကို ဖြေရှင်းရန် (၈.၃)
  - ကလေးတစ်ဦးအပေါ် ဘေးအန္တရာယ်ကျရောက်မှု ထုတ်ဖော်သည့်သူအား ပံ့ပိုးပေးရန် (၈.၂၊ ၈.၃)
  - အဖွဲ့အစည်းအတွင်း ယဉ်ကျေးမှုကို မထိခိုက်စေသော ပတ်ဝန်းကျင်များ ဖန်တီးရန်။ (၈.၄)
- ကလေးသူငယ်ဘေးကင်းစေရေး လေ့ကျင့်ရေးနှင့် လမ်းညွှန်ချက်မှာ –
  - ကလေးများနှင့် အဖွဲ့အစည်း၏ ထိတွေ့နှင့် အဖွဲ့အစည်းတွင်း ကလေးများ၏ လိုအပ်ချက်များအတွက် သင့်တော်ရမည်
  - စိတ်ဒဏ်ရာအကြောင်း သိရမည်
  - ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကို ၎င်းတို့၏ စွမ်းရည်များနှင့် အသိပညာများကို လက်ရှိတိုးတက်မှုနှင့်အညီ ပုံမှန် ပံ့ပိုးပေးရမည်
  - မှန်မှန် သုံးသပ်ပြီး ဆက်လက် ထိရောက်မှုရှိရန် မွမ်းမံပေးရမည်။ (၈.၁၊ ၈.၂၊ ၈.၃၊ ၈,၄)
- ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်း ကြီးကြပ်ရေးနှင့် စီမံခန့်ခွဲရေးတွင် ကလေးသူငယ်ဘေးကင်းစေရေး လေ့ကျင့်မှုလိုအပ်ချက်များကို ဖော်ပြရမည်။ (၈.၁၊ ၈.၂၊ ၈.၃၊ ၈.၄)

# စံနှုန်း ၉ – ကလေးများနှင့် လူငယ်များအတွက် ဘေးအန္တရာယ် ကျရောက်နိုင်သည့် အခွင့်အလမ်းကို လျှော့ချပေးရာတွင် ရုပ်ပိုင်းနှင့် အွန်လိုင်းပတ်ဝန်းကျင်များသည် ဘေးကင်းလုံခြုံစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးကို မြှင့်တင်ပေးသည်

**ကလေးသူငယ် ဘေးကင်းလုံခြုံမှုစံနှုန်း ၉ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၉.၁ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည်

၉.၂ အွန်လိုင်းပတ်ဝန်းကျင်ကို အဖွဲ့အစည်း၏ ကျင့်ဝတ်စည်းကမ်းများအပြင် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးမူဝါဒနှင့် အလေ့အထများနှင့်အညီ အသုံးပြုထားပါသည်။

၉.၃ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ အစီအစဉ်များသည် အဖွဲ့အစည်း နောက်ခံများ၊ ဆောင်ရွက်မှုများနှင့် ရုပ်ပိုင်းပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်သည့် ဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားရပါမည်။

၉.၄ ပြင်ပအဖွဲ့အစည်းများမှ အထောက်အပံ့များနှင့် ဝန်ဆောင်မှုများကို ကန်ထရိုက်ယူထားသည့် အဖွဲ့အစည်းများတွင် ကလေးနှင့် လူငယ်များ ဘေးကင်းစေရေးကို အာမခံသည့် ဝယ်ယူခြင်းဆိုင်ရာ မူဝါဒများ ရှိရမည်။

## အဓိကအချက်များ

- အဖွဲ့အစည်းအတွင်း ဘေးအန္တရာယ်များကို ဖော်ထုတ်စီမံခန့်ခွဲခြင်းသည် ကလေးငယ်များကို ဘေးအန္တရာယ်မှ ကာကွယ်ရာတွင် အဓိက အဆင့် ဖြစ်ပါသည်။ ဘေးအန္တရာယ်စီမံခန့်ခွဲရေးဆိုင်ရာ ဖြေရှင်းနည်းတစ်ခု အသုံးပြုခြင်းဖြင့် အဖွဲ့အစည်းသည် ကလေးများ ဘေးအန္တရာယ်ကျရောက်ခြင်း သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှု ခံစားရနိုင်ခြင်းအလားအလာကို ထိထိရောက်ရောက် လျှော့ချပေးနိုင်ပါသည်။
- ကလေးသူငယ်ဘေးကင်းရေးဆိုင်ရာ စံနှုန်းများ၏ ရည်ရွယ်ချက်အတွက် 'ဘေးအန္တရာယ်' ဆိုသည်မှာ အဖွဲ့အစည်းတစ်ခုနှင့် ဆက်စပ်၍ ကလေးအပေါ် ထိခိုက်မှု သို့မဟုတ် ညှဉ်းပန်းနှိပ်စက်မှုတစ်ခု ဖြစ်ပွားနိုင်သည့် အခြေအနေတစ်ရပ် ဖြစ်ပါသည်။ ၎င်းတွင် အဖွဲ့အစည်းမှ သို့မဟုတ် အဖွဲ့အစည်းရှိသူများမှ ကလေးများအပေါ် ကျရောက်နိုင်သည့် ဘေးအန္တရာယ်များ၊ အဖွဲ့အစည်း၏ ဆောင်ရွက်မှုများမှ ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များနှင့် အဖွဲ့အစည်း၏ ရုပ်ပိုင်းနှင့် အွန်လိုင်း ပတ်ဝန်းကျင်များတွင် ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များ ပါဝင်သည်။
- အဖွဲ့အစည်းအားလုံးအနေဖြင့် ၎င်းတို့နှင့် ထိတွေ့မှုရှိသည့် ကလေးများအပေါ် ဘေးအန္တရာယ် ဖြစ်စေနိုင်သည့် အလားအလာများကို ဆန်းစစ်ပြီး နားလည်ထားရမည်။ အဖွဲ့အစည်းတည်ဆောက်ပုံနှင့် ဓလေ့စရိုက်များ၊ ဆောင်ရွက်မှုများနှင့် ရုပ်ပိုင်းနှင့် အွန်လိုင်းပတ်ဝန်းကျင်များအရ ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားရမည့်အပြင် အသစ်ဖြစ်ပေါ်လာနိုင်သော အန္တရာယ်များကို ဖော်ပြရန်လည်း အရေးကြီးပါသည်။
- ဘေးအန္တရာယ်ကို ဖော်ထုတ်စီမံရာတွင် ထိခိုက်မှုနှင့် ညှင်းပန်းနှိပ်စက်မှု ဘေးအန္တရာယ်ကို စီမံရန် လိုအပ်ချက်နှင့် ထိုဆောင်ရွက်ချက် သို့မဟုတ် ချဉ်းကပ်မှု၏ ကလေးအတွက် အကျိုးကို ဟန်ချက်ညီစေရန် ဆောင်ရွက်ခြင်းသည် အရေးကြီးပါသည်။
- အွန်လိုင်းနည်းပညာများသည် အမြဲတစေ ပြောင်းလဲနေပြီး ထိုပြောင်းလဲမှုများကို အသုံးပြုရာတွင် ကလေးများသည် အများအားဖြင့် မိဘများ၊ စောင့်ရှောက်သူများနှင့် အဖွဲ့အစည်းဆိုင်ရာ ဝန်ထမ်းများထက် ပိုမို နားလည်ပါသည်။ အွန်လိုင်းအမူအကျင့်အား သင့်အဖွဲ့အစည်း၏ ကျင့်ဝတ်စည်းကမ်းများတွင် ထည့်သွင်းရန် လိုအပ်ပြီး

ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး မူဝါဒများနှင့် ကျင့်သုံးမှုများတွင်လည်း အွန်လိုင်းပတ်ဝန်းကျင်ကို ဖော်ပြရန် လိုအပ်ပါသည်။

- ပြင်ပအဖွဲ့အစည်းများနှင့်ဆောင်ရွက်သည့် စီစဉ်မှုများ သို့မဟုတ် ကန်ထရိုက်များမှလည်း ကလေးဘေးကင်းစေရေး ဘေးအန္တရာယ်များ ဖြစ်လာနိုင်ပါသည်။ ၎င်းတို့သည် သူစိမ်းများ သို့မဟုတ် အလားတူ ကလေးသူငယ်ဘေးကင်းစေရေး စစ်ဆေးမှု မရှိသေးသူများကို အဖွဲ့အစည်းတွင် ပတ်သက်နေသည့် ကလေးများနှင့် ထိတွေ့မှုကို ပေးနိုင်သည်။
- အဖွဲ့အစည်းများအနေဖြင့် အဖွဲ့အစည်းတွင် ပတ်သက်နေသည့် ကလေးများအပေါ် ပြင်ပအဖွဲ့အစည်းများမှ ဖြစ်ပေါ်လာသည့် ဘေးအန္တရာယ်များကို ထည့်သွင်းစဉ်းစားပြီး၊ ဖော်ထုတ် စီမံရမည်။
- အဖွဲ့အစည်းများအား ၎င်းတို့၏ ကလေးသူငယ်ဘေး အန္တရာယ် စိစစ်အကဲဖြတ်မှုများနှင့် စီမံခန့်ခွဲရေးအစီအစဉ်ကို ကူညီရန်အတွက် [အန္တရာယ်စိစစ်အကဲဖြတ်ရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာပုံစံများကို]() ပြုလုပ်ပေးထားပါသည်။

## လိုက်နာမှု ညွှန်းကိန်းများ

**ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။**

အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းများကို ထုတ်ပြန်ပြီး ဤစံနှုန်းကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းအား ပံ့ပိုးပေးသည့်နည်းလမ်းဖြင့် ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဆိုပါက လိုက်နာခြင်းဖြစ်ပါသည်။[24]

### စာရွက်စာတမ်းများ

- ဘေးအန္တရာယ်စိစစ်အကဲဖြတ်ရေးတွင် အဖွဲ့အစည်းနှင့် ဆက်စပ်နေသည့် ရုပ်ပိုင်းနှင့် အွန်လိုင်းပတ်ဝန်းကျင်နှစ်ရပ်လုံးတွင် ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုဘေးအန္တရာယ်များကို ဖော်ပြရသည်။ (၉.၁၊ ၉.၃)
- ဘေးအန္တရာယ်စီမံခန့်ခွဲရေး အစီအစဉ်များသည် ဖော်ထုတ်သိရှိထားသော ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်နစ်နာမှုအန္တရာယ်တစ်ခုစီကို ကာကွယ်ရန် သို့မဟုတ် လျှော့ချရန် အဖွဲ့အစည်းမှ လုပ်ဆောင်မှုများကို ဖော်ပြပေးရမည်။ (၉.၃)
- ကျင့်ဝတ်စည်းကမ်းများနှင့် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်စေရေးမူဝါဒသည် ဘေးအန္တရာယ်များနိုင်သော ဆောင်ရွက်မှုများကို အထူးရည်ညွှန်း၍ အဖွဲ့အစည်းအနေဖြင့် ကလေးများကို ရုပ်ပိုင်းနှင့် အွန်လိုင်းပတ်ဝန်းကျင်များတွင် ဘေးအန္တရာယ်ကင်းစေရန် မည်သို့ ထိန်းသိမ်းသွားမည်ကို ဖော်ပြပေးရမည်။ (၉.၂၊ ၉.၃)
- ပြင်ပကန်ထရိုက်တာများနှင့် ဆက်ဆံပြီး ဝယ်ယူခြင်း မူဝါဒများသည် အဖွဲ့အစည်း၏ ကျင့်ဝတ်စည်းကမ်းများနှင့် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်စေရေးမူဝါဒနှင့်အညီ ကလေးများကို ကလေးသူငယ် ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုဘေး အန္တရာယ်များမှ ကာကွယ်ရန် လုပ်ငန်းစဉ်များကို သတ်မှတ်ပေးရမည်။ (၉.၄)

---

[24] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

## လုပ်ဆောင်ချက်များ

- ဘေးအန္တရာယ် စိစစ်အကဲဖြတ်မှုများနှင့် စီမံခန့်ခွဲရေး အစီအစဉ်များကို အကြောင်းကြားထားသည့်အပြင်၊ ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ကလေးများ၏ အမြင်များနှင့် စိုးရိမ်မှုများကို တုံ့ပြန်ဆောင်ရွက်မှု ရှိရပါမည်။ အဖွဲ့အစည်းသည် ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုအန္တရာယ်ကို စီမံခန့်ခွဲရာတွင် ကလေးများ၏ အနေအထိုင်အယှက်ကင်းစေရေး၊ အကြောင်းအချက် ရရှိရေး၊ လူမှုချိတ်ဆက်ရေးများနှင့် သင်ကြားရေး အခွင့်အလမ်းဆိုင်ရာ အခွင့်အရေးများနှင့် ဟန်ချက် ညီညီ ထားရှိကြောင်း အစီအစဉ်များမှ ပြသနေရမည်။ (၉.၁၊ ၉.၃)
- ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများအနေဖြင့် ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုအန္တရာယ်ကို သတိထားပြီး၊ ၎င်းတို့ကို ကာကွယ်ရန်နှင့် လျှော့ချရန် မည်သည့် အရေးယူဆောင်ရွက်ချက်များ လိုအပ်သည်ကို သိရှိရန်အတွက် ဘေးအန္တရာယ်စီမံခန့်ခွဲရေး အစီအစဉ်များ ပံ့ပိုးပေးထားရမည်။ (၉.၁)
- ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုအန္တရာယ်ကိုသိရှိရသည့်အခါ ၎င်းတို့ကို ကာကွယ်ရန်နှင့် လျှော့ချရန် အဖွဲ့အစည်းရှိ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများမှ အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရပါမည်။ (၉.၁)
- ဘေးအန္တရာယ်စိစစ်အကဲဖြတ်ရေးနှင့် စီမံခန့်ခွဲရေးအစီအစဉ်များကို မှန်မှန်သုံးသပ်ခြင်းဖြင့် အချိန်နှင့်တစ်ပြေးညီ ရှိပြီး၊ တိုင်ကြားချက်များ၊ စိုးရိမ်မှုများနှင့် ဘေးကင်းစေရေးဖြစ်ရပ်များမှ သင်ခန်းစာများ ထည့်သွင်းထားရမည်။ (၉.၁၊ ၉.၂)
- အဖွဲ့အစည်း၏ခေါင်းဆောင်ပိုင်းနှင့် အုပ်ချုပ်ရေး စီစဉ်မှုများသည် ဘေးအန္တရာယ် စိစစ်အကဲဖြတ်ရေးနှင့် စီမံခန့်ခွဲရေးတို့ကို ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုအန္တရာယ် ဖော်ထုတ်ရေး၊ ကာကွယ်ရေးနှင့် လျှော့ချရေးအပေါ် အလေးထားကြောင်း သေချာစေရမည်။ (၂.၅ သို့ လင့်ခ်)
- ပြင်ပအဖွဲ့များနှင့် ကန်ထရိုက်များကို ညှိနှိုင်းသည့်အခါ၊ ပြင်ပအဖွဲ့သည် မျှော်လင့်ထားသော ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာပျော်ရွှင်စေရေးစံနှုန်းများနှင့်အညီ မဆောင်ရွက်နိုင်ပါက ကန်ထရိုက်တွင် အဖွဲ့အစည်းမှ အရေးယူဆောင်ရွက်နိုင်ခွင့် ရှိသည့် စကားရပ်များ ကန်ထရိုက်တွင် ပါဝင်ရမည်။ (၉.၄)
- ပြင်ပကန်ထရိုက်တာများနှင့် ဆက်ဆံသည့်အခါ ထိုဆက်ဆံမှုမှ ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုအန္တရာယ်များ ဖြစ်ပေါ်လာနိုင်ခြင်း ရှိမရှိအပြင် ရှိလာနိုင်မည့် ပမာဏကို အဖွဲ့အစည်းမှ စိစစ်အကဲဖြတ်ရန် ဆောင်ရွက်ရပါမည်။ (၉.၄)
- ပြင်ပကန်ထရိုက်တာကြောင့် ဖြစ်ပေါ်လာမည့် ဘေးအန္တရာယ်ပမာဏအရ အဖွဲ့အစည်းသည် ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုအန္တရာယ်များကို တားဆီးကာကွယ်ရန် သို့မဟုတ် လျှော့ချရန် ဆောင်ရွက်မှုများ လုပ်ဆောင်သင့်ပါသည်။ သင့်လျော်သော ဆောင်ရွက်မှုများတွင် အောက်ပါတို့ ပါဝင်နိုင်သည် –
  - ပြင်ပကန်ထရိုက်တာများသည် အဖွဲ့အစည်းမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် လိုအပ်ခြင်း
  - ပြင်ပကန်ထရိုက်တာများသည် ကလေးသူငယ်ဘေးကင်းစေရေးစံနှုန်းများနှင့်/သို့မဟုတ် အဖွဲ့အစည်းမူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား လိုက်နာခြင်းကို စောင့်ကြည့်ခြင်း
  - ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှု အန္တရာယ်များကို ဖော်ထုတ်ရန်၊ ကာကွယ်ရန်နှင့် လျှော့ချရန် ပြင်ပကန်ထရိုက်တာများနှင့်အတူ လုပ်ဆောင်ခြင်း
  - အဖွဲ့အစည်းမှ ပြင်ပကန်ထရိုက်တာများကြောင့် ဖြစ်ပေါ်သည့် ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုအန္တရာယ်များကို ထိထိရောက်ရောက် မဖြေရှင်းသည့်အခါ ကန်ထရိုက်ကို အဆုံးသတ်ရန် သို့မဟုတ် ကလေးများကို ကာကွယ်ပေးရန် သင့်လျော်သော အခြားဆောင်ရွက်မှုကို စဉ်းစားခြင်း။ (၉.၄)
- သင့်လျော်ပါက ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ မိဘများ၊ စောင့်ရှောက်သူများနှင့် ကလေးများကို အွန်လိုင်းဘေးကင်းစေရေးအပြင် အွန်လိုင်းလက်သပ်မွေးခြင်း၊ အင်တာနက်မှ အနိုင်ကျင့်ခြင်းနှင့်

လိင်မှုဆိုင်ရာစာပို့ခြင်းကဲ့သို့ အွန်လိုင်းဘေးအန္တရာယ်များ အကြောင်းအချက်များ ပံ့ပိုးပေးထားရမည်။ အတွေ့အကြုံဆိုးများ သို့မဟုတ် စိုးရိမ်မှုများကို အစီရင်ခံနိုင်ရန် ပံ့ပိုးမှု ပေးရမည်။ (၉.၂)

# စံနှုန်း ၁၀– ကလေးသူငယ်ဘေးကင်းစေရေးစံနှုန်းများ အကောင်အထည်ဖော်ဆောင်ရေးကို မှန်မှန် သုံးသပ်ပြီး တိုးတက်စေရမည်

**ကလေးသူငယ် ဘေးကင်းလုံခြုံမှုစံနှုန်း ၁၀ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၁၀.၁ အဖွဲ့အစည်းသည် ကလေးသူငယ်ဘေးကင်းစေရေး ကျင့်သုံးမှုများကို မှန်မှန် သုံးသပ်စစ်ဆေးပြီး တိုးတက်စေရမည်။

၁၀.၂ စဉ်ဆက်မပြတ် တိုးတက်မှုကို ဖော်ဆောင်ရာတွင် အကြောင်းရင်းများနှင့် စနစ်၏အားနည်းချက်များကို ဖော်ထုတ်ရန်အတွက် တိုင်ကြားချက်များ၊ စိုးရိမ်မှုများနှင့် ဘေးကင်းစေရေးဖြစ်ရပ်များကို စိစစ်လေ့လာရပါမည်။

၁၀.၃ အဖွဲ့အစည်းသည် သက်ဆိုင်ရာ သုံးသပ်ချက်များ၏ တွေ့ရှိချက်များကို ဝန်ထမ်းနှင့် စေတနာ့ဝန်ထမ်းများ၊ လူမှုအသိုင်းအဝန်းနှင့် မိသားစုများအပြင် ကလေးများနှင့် လူငယ်များထံ အစီရင်ခံရပါမည်။

## အဓိကအချက်များ

- ကလေးသူငယ်ဘေးကင်းသော အဖွဲ့အစည်း ဖြစ်လာရန် တစ်ကြိမ်တစ်ခါ လုပ်ခြင်းဖြင့် မရနိုင်ပါ၊ စဉ်ဆက်မပြတ် အားထုတ်မှုများ လိုအပ်ပါသည်။ ကလေးသူငယ်ဘေးကင်းသော အဖွဲ့အစည်းများတွင် ပွင့်လင်းမြင်သာသည့် ယဉ်ကျေးမှုတစ်ခုရှိပြီး အမှားများမှ လေ့လာကာ ကလေးများအတွက် ဦးစားပေးရမည်။
- သင့်မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကျင့်သုံးမှုများသည် ပြည့်စုံပြီး အချိန်နှင့် တစ်ပြေးညီ ထိရောက်မှုရှိကြောင်းအပြင်၊ တိတိကျကျ လုပ်ဆောင်နေပြီး အများမှ လိုက်နာနေကြောင်းကို မှန်မှန် သုံးသပ်ချက်များမှတဆင့် စစ်ဆေးသင့်ပါသည်။
- နှစ်စဉ်သုံးသပ်ခြင်းသည် အချိန်နှင့် တစ်ပြေးညီ ထိရောက်သော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ထိန်းသိမ်းရန်အတွက် အလေ့အကျင့်ကောင်း ဖြစ်ပါသည်။ ပြောင်းလဲမြန်ဆန်သည့် ပတ်ဝန်းကျင်တွင် သုံးသပ်မှုများ မကြာခဏ လိုအပ်ပါသည်။
- တိုင်ကြားချက်များ၊ စိုးရိမ်မှုများနှင့် ဘေးကင်းစေရေးဖြစ်ရပ်များကို လေ့လာခြင်းသည် သုံးသပ်ချက်အတွက် အလွန်အရေးပါပြီး သင့်အဖွဲ့အစည်း၏ ကလေးသူငယ်ဘေးကင်းစေရေး စနစ်များနှင့် အလေ့အထများ ထိရောက်မှုအကြောင်းအချက် ပံ့ပိုးပေးကာ၊ ထပ်မံ ညှင်းပန်းနှိပ်စက်မှု သို့မဟုတ် ဘေးအန္တရာယ်ပေးမှုကို တားဆီးကာကွယ်ရာတွင် ပြောင်းလဲမှုများ လိုအပ်သည့် နေရာများကို ဖော်ထုတ်ပေးနိုင်ပါသည်။
- တိုင်ကြားချက်များ၊ စိုးရိမ်မှုများနှင့် ဘေးကင်းစေရေးဖြစ်ရပ်များအား စိစစ်လေ့လာခြင်းတွင် အောက်ပါတို့ကို ထည့်သွင်းသင့်သည် –
  - အကြောင်းတစ်ခုနောက်ကွယ်ရှိ မြစ်ကွယ်နေသည့် အကြောင်းများ သို့မဟုတ် ပြဿနာများ
  - သင့်မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ သို့မဟုတ် အလေ့အထများရှိ ကွာဟာချက်များ သို့မဟုတ် အားနည်းချက်များအား ဖော်ပြချက်များ
  - အမူအကျင့်များ၊ အလေ့အထများ၊ ဖြစ်ရပ်များ သို့မဟုတ် ဖြစ်လုဆဲဆဲ နမူနာများ
  - သင်၏ ကလေးဘေးကင်းစေရေး မူဝါဒများအား လိုက်နာရမည့်နည်းကို သင့်အဖွဲ့အစည်းရှိလူများ နားမလည်နိုင်သည့် လက္ခဏာများ
  - တွေ့ရှိထားသည့် ပြဿနာများကို ဖြေရှင်းရာတွင် ပြောင်းလဲရမည့် အကြောင်းများ။
- လေ့လာသုံးသပ်တွေ့ရှိချက်များကို အကြောင်းကြားရာတွင် သင့်အနေဖြင့် အောက်ပါတို့ကို စဉ်းစားသင့်သည် –

– တွေ့ရှိချက်များကို အချိန်နှင့် တစ်ပြေးညီ မျှဝေခြင်းဖြင့် တွေ့ရှိချက်များသည် လက်ရှိအခြေအနေအတိုင်း ရှိပြီး ဖော်ပြနိုင်ခြင်း

– တွေ့ရှိချက်များကို အချိန်အပိုင်းအလိုက် ဆက်သွယ်တင်ပြခြင်းဖြင့် ၎င်းတို့ကို လွယ်ကူစွာ သိရှိနားလည်စေခြင်း

– သုံးသပ်ချက်များမှ သိနားလည်မှုများကို မျှဝေပေးခြင်းအပြင်၊ ကလေးသူငယ်ဘေးကင်းစေရေး လုပ်ဆောင်ချက်များ သို့မဟုတ် စနစ်များကို ပြောင်းလဲမွမ်းမံခြင်းနှင့်အတူ ပြောင်းလဲမည့်အချိန်နှင့်/သို့မဟုတ် ထပ်မံသုံးသပ်ချက်ပါဝင်မည့် အစီအစဉ်များကို အကျဉ်းဖော်ပြခြင်း

– ဥပဒေနှင့်အညီ သို့မဟုတ် ပြုလုပ်မည်ဟု ကြေညာထားသည့်အတိုင်း လူအများ၏ အနေအထိုင့်အယှက်ကင်းကွာရေးကို ကာကွယ်ရန်နှင့် ကိုယ်ရေးအချက်ကာကွယ်ရေးကို ထိန်းသိမ်းရန်ကို သတိရအမှတ်ထားခြင်း

– သုံးသပ်ချက်ကို အများသိအစီရင်ခံခြင်းသည် ဖြစ်ပွားခဲ့ရာတွင် ပါဝင်သည့်သူအားလုံးအပေါ် သက်ရောက်မှုရှိပုံကို ထည့်သွင်းစဉ်းစားခြင်း – အထူးသဖြင့် အစီရင်ခံစာ ထုတ်ပြန်မည့်အကြောင်း ခံရသူ–ခံစားလွန်မြောက်သူများကို သတိပေးရန် လိုအပ်ချက်ကို ထည့်သွင်းစဉ်းစားခြင်း။

## လိုက်နာမှု ညွှန်းကိန်းများ

**ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။**

အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းများကို ထုတ်ပြန်ပြီး ဤစံနှုန်းကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းအား ပံ့ပိုးပေးသည့်နည်းလမ်းဖြင့် ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဆိုပါက လိုက်နာခြင်းဖြစ်ပါသည်။[25]

### စာရွက်စာတမ်းများ

- မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအားလုံးတွင် ပုံမှန် သုံးသပ်ချက်ကာလကို ထည့်သွင်းဖော်ပြရမည်။ (၁၀.၁)
- ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး သုံးသပ်ချက်နှင့် တွေ့ရှိချက်အစီရင်ခံစာများကို မှတ်တမ်းတင်ရမည်။ (၁၀.၃)

### လုပ်ဆောင်ချက်များ

- တိုင်ကြားချက်များ၊ စိုးရိမ်မှုများ၊ စွပ်စွဲချက်များနှင့် ဖြေရှင်းရန် လုပ်ဆောင်မှုများကို မှတ်တမ်းတင်ထားရမည်။ (၁၀.၁၊ ၁၀.၂၊ ၁၀.၃)
- ပြဿနာဖြစ်စေသာအကြောင်းနှင့် ပြဿနာဖြစ်စေရာတွင် အဖွဲ့အစည်း၏ မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ၊ လုပ်ကိုင်ပုံများ ချို့ယွင်းချက် ရှိ မရှိကို နားလည်စေရန်အတွက် တိုင်ကြားချက်များ၊ စိုးရိမ်မှုများ၊ ဘေးကင်းစေရေးဖြစ်ရပ်များ သို့မဟုတ် (ကျင့်ဝတ်စည်းကမ်းများကဲ့သို့) ကြီးမားသောမူဝါဒချိုးဖောက်မှုများအား စစ်ဆေးရမည်။ ချို့ယွင်းသည့် သို့မဟုတ် အားနည်းသည့် နေရာများကို ဖော်ထုတ်ပြီး၊ အဆိုပါပြဿနာများ နောက်ထပ်မဖြစ်ပွားရန် မွမ်းမံပြင်ဆင်ရမည်။ (၁၀.၁၊ ၁၀.၂)

---

[25] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

- အဖွဲ့အစည်းသည် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် ကလေးသူငယ်ဘေးကင်းစေရေး လုပ်ဆောင်မှုများကို ပုံမှန်သုံးသပ်ပြီး အောက်ပါတို့ကို ထည့်သွင်းစဉ်းစား၍ ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်ရမည် –
  – တိုင်ကြားချက်များ၊ စိုးရိမ်မှုများ၊ ဘေးကင်းစေရေး ဖြစ်ရပ်များနှင့် ကြီးမားသော မူဝါဒ ချိုးဖောက်မှုများအား စိစစ်လေ့လာခြင်း
  – ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကလေးများ၊ မိသားစုများနှင့် လူမှုအသိုင်းအဝန်းများမှ ရရှိသော တုံ့ပြန်ချက်
  – အဖွဲ့အစည်းတွင် ကလေးသူငယ်ဘေးကင်းစေရေး စံနှုန်းတစ်ခုစီကို အတိအကျဖော်ဆောင်ခြင်း ရှိမရှိ (၁၀.၁၊ ၁၀.၂ နှင့် စံနှုန်း ၃ နှင့် ၄ သို့ လင့်ခ်)
- အဖွဲ့အစည်း၏ ကလေးသူငယ် ဘေးကင်းစေရေး ကျင့်သုံးမှုများ၏ သုံးသပ်ချက်များအရ ဆောင်ရွက်သည့် တွေ့ရှိချက်များနှင့် လုပ်ဆောင်ချက်များအကြောင်းအစီရင်ခံစာကို ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ကလေးများ၊ မိသားစုများနှင့် လူမှုအသိုင်းအဝန်းများနှင့် မျှဝေရမည်။ (၁၀.၃)

# စံနှုန်း ၁၁– မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် အဖွဲ့အစည်းတွင် ကလေးနှင့် လူငယ်များ ဘေးကင်းကြောင်း မှတ်တမ်းတင်ခြင်း ဖြစ်သည်။

**ကလေးသူငယ် ဘေးကင်းလုံခြုံမှုစံနှုန်း ၁၁ ကို လိုက်နာရာတွင် အဖွဲ့အစည်းတစ်ခုသည် အနည်းဆုံး အောက်ပါတို့ကို သေချာစေရမည် –**

၁၁.၁ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် ကလေးသူငယ်ဘေးကင်းစေရေး စံနှုန်းများအားလုံး ထည့်သွင်းဖော်ပြရမည်။

၁၁.၂ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို မှတ်တမ်းတင်ရမည့်အပြင် နားလည်ရန် လွယ်ကူစေရမည်။

၁၁.၃ အကောင်းဆုံးစံနမူနာများနှင့် ပါဝင်သူ ဆွေးနွေးခြင်းဖြင့် မူဝါဒနှင့် လုပ်ထုံးလုပ်နည်း ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်စေပါသည်။

၁၁.၄ ခေါင်းဆောင်များသည် မူဝါဒနှင့် လုပ်ထုံးလုပ်နည်းများနှင့် အညီ ဦးဆောင်ရမည့်အပြက် စံနမူနာပြရမည်။

၁၁.၅ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို နားလည်ပြီး လုပ်ဆောင်ရမည်။

## အဓိကအချက်များ

- ဤစံနှုန်းအားလုံးကို လုပ်ဆောင်ရန် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို မှတ်တမ်းတင်ခြင်းဖြင့် ကလေးသူငယ်ဘေးကင်းစေရေးသည် အရေးကြီးကြောင်း အဖွဲ့အစည်းနှင့် ပတ်သက်သူတိုင်းသို့ အကြောင်းကြားခြင်း ဖြစ်ပါသည်။ စိတ်ကြိုက်ကျင့်သုံးမှုများ စိတ်ထဲ ရှိနေရုံမျှဖြင့် သို့မဟုတ် အဖွဲ့အစည်းရှိ လူတိုင်းသည် မှန်ကန်စွာ ဆောင်ရွက်နေသည်ဟု ယုံကြည်ခြင်းဖြင့် မလုံလောက်ပါ။ စည်းမျဉ်းများနှင့် မျှော်မှန်းချက်များကို ရေးသားပြီး မူဝါဒတွင် ထည့်သွင်းဖော်ပြထားရန် လိုအပ်သည်၊ သို့မှသာ ၎င်းတို့ကို သင့်အဖွဲ့အစည်းတစ်ခုလုံးတွင် ကလေးသူငယ်ဘေးကင်းစေရေး အမြဲ တည်မြဲစေရန် မျှဝေအသုံးပြုနိုင်ပါမည်။
- မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် အဖွဲ့အစည်းအနေဖြင့် ကျန်းမာရွှင်လန်းရေးကို မြှင့်တင်ပြီး ကလေးသူငယ်ဘေးကင်းစေရေး ပြဿနာများအား တားဆီးကာကွယ်ဖြေရှင်းပုံကို ဖော်ပြခြင်းဖြင့် အဖွဲ့အစည်းရှိ လူအများကို လမ်းညွှန်ပေးနိုင်ရမည်။ 'မူဝါဒများ' သည် အဖွဲ့အစည်း၏ ရေးဆွဲထားသော စည်းမျဉ်းများ၊ မျှော်လင့်ချက်များနှင့် ရပ်တည်ချက်များ ဖြစ်ပါသည်။ 'လုပ်ထုံးလုပ်နည်းများ'သည် မူဝါဒများ အသက်ဝင်စေရန် အဖွဲ့အစည်း၏ ရေးဆွဲထားသော လုပ်ဆောင်ချက်များနှင့် လုပ်ငန်းစဉ်များ ဖြစ်သည်။
- ကလေးသူငယ်ဘေးကင်းစေရေးဆိုင်ရာ အကြောင်းအချို့မှာ ဖြေရှင်းရန် ရှုပ်ထွေးနိုင်သည်၊ သို့သော် သင့်အဖွဲ့အစည်း၏ မူဝါဒများကို အရိုးရှင်းဆုံး ရေးဆွဲရန် ရည်မှန်းထားသင့်သည်။ မူဝါဒများကို ရေးဆွဲရာတွင် သက်ရောက်မည့်သူများကို ထည့်သွင်းစဉ်းစားသင့်ပြီး၊ မူဝါဒကို နားလည်ရန် လိုအပ်သောသူတိုင်း နားလည်နိုင်သော ဘာသာစကားကို အသုံးပြုရန် ဂရုစိုက်သင့်သည်။
- မူဝါဒများကို သီးခြားဖော်ဆောင်ပါက ထိရောက်သော မူဝါဒများ ရရှိရန် ခက်ခဲပါသည် – ၎င်းတို့ကို ဖော်ထုတ်ရာတွင် ဖော်ဆောင်ရမည့်များနှင့် မူဝါဒ သက်ရောက်မှု ရှိသောသူများကို တိုင်ပင်ဆွေးနွေးသင့်သည်။ အဖွဲ့အစည်းများသည် ကလေးများ၊ မိသားစုများနှင့် လူမှုအသိုင်းအဝန်းများအား မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ဖော်ဆောင်ရာတွင် ပါဝင်နိုင်ခွင့် ပေးသင့်သည်။
- ကလေးသူငယ်ဘေးကင်းစေရေးကိစ္စများစွာသည် ထူးထူးခြားခြား မဟုတ်ပါ၊ ၎င်းတို့ကို အခြားအဖွဲ့အစည်းများ၊ ဦးဆောင်အဖွဲ့များ၊ ကျွမ်းကျင်ပညာရှင်များနှင့် ပညာရှင်များမှ ယခင်ကတည်းက ထည့်သွင်းစဉ်းစားခဲ့ပါသည်။ အခြားသူများ၏ အတွေ့အကြုံများအပြင် ရနိုင်သော သုတေသနနှင့် လမ်းညွှန်ချက်စာများမှ အသိအမြင်များကို အသုံးချ၍ သင့်အဖွဲ့အစည်းအနေဖြင့် ကလေးများအတွက် အကောင်းဆုံးရလဒ်များ ထွက်လာစေရန် ကူညီပေးရမည်။

- လိုက်နာမှုကို ဦးဆောင်ခြင်းနှင့် စံနမူနာပြုခြင်းဆိုသည်မှာ ခေါင်းဆောင်များသည် ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး အရေးပါမှုကို တက်တက်ကြွကြွနှင့် ခိုင်ခိုင်မာမာ ဆောင်ရွက်ရမည်။ ခေါင်းဆောင်များသည် ကလေးသူငယ်ဘေးကင်းစေရေးကိစ္စများကို လေးလေးနက်နက်ဆောင်ရွက်ရာတွင် 'အလုပ်နှင့် သက်သေပြပြီး' မဆိုင်းမဆွ ထိထိရောက်ရောက် ဖြေရှင်းပေးရမည့်အပြင်၊ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများကိုလည်း အဖွဲ့အစည်းတစ်ခွင်လုံးအတွက် ကလေးသူငယ်ဘေးကင်းစေရေး ကျင့်သုံးမှုများ စွဲမြဲသွားစေရန် လိုအပ်သည့် အချိန်နှင့်ရင်းမြစ်များ ပံ့ပိုးပေးရမည်။
- သင့်အဖွဲ့အစည်းအတွင်းရှိ ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများသည် ကလေးသူငယ်ဘေးကင်းစေသော အဖွဲ့အစည်းတစ်ခု ဖန်တီးရာတွင် အလွန်အရေးပါသည့် အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို လက်တွေ့ကျင့်သုံးရာတွင် လိုအပ်သည့် အကြောင်းအချက်များနှင့် ပံ့ပိုးမှုများ ထောက်ပံ့ပေးသင့်သည်။

## လိုက်နာမှု ညွှန်းကိန်းများ

**ဤစံနှုန်းကို အကဲဖြတ်သည့်အခါ ကော်မရှင်က မည်သည်ကို ရှာဖွေမည်နည်း။**

အဖွဲ့အစည်းများသည် ယေဘုယျအားဖြင့် ဤစာရွက်စာတမ်းများကို ထုတ်ပြန်ပြီး ဤစံနှုန်းကို အကောင်အထည်ဖော်ရန် အဖွဲ့အစည်းအား ပံ့ပိုးပေးသည့်နည်းလမ်းဖြင့် ဤလုပ်ဆောင်ချက်များကို လုပ်ဆောင်မည်ဆိုပါက လိုက်နာခြင်းဖြစ်ပါသည်။[26]

### စာရွက်စာတမ်းများ

- ကလေးသူငယ်ဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေးမူဝါဒတွင် ကလေးသူငယ်ဘေးကင်းစေရေးစံနှုန်းတစ်ခုစီနှင့် ပတ်သက်၍ အဖွဲ့အစည်း၏ မျှော်မှန်းချက်များ၊ ကျင့်သုံးမှုများနှင့် ချဉ်းကပ်နည်းများကို သတ်မှတ်ပေးရမည်။ (၁၁.၁၊ ၁၁.၂ နှင့် ၂.၃ သို့ လင့်ခ်)
- ကျင့်ဝတ်စည်းကမ်းများသည် ဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများ၏ အပြုအမူနှင့် တာဝန်ယူမှုဆိုင်ရာ မျှော်မှန်းချက်များကို ဖော်ပြထားရမည်။ (၁၁.၁၊ ၁၁.၂ နှင့် ၂.၄ သို့ လင့်ခ်)
- ဘေးအန္တရာယ်စီစစ်အကဲဖြတ်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ အစီအစဉ်များတွင် ကလေးသူငယ်ညှဉ်းပန်းနှိပ်စက်မှုနှင့် ထိခိုက်မှုဆိုင်ရာ ဘေးအန္တရာယ်များကို ထည့်သွင်းထားရမည်။ (၁၁.၁၊ ၁၁.၂ နှင့် ၉.၁ နှင့် ၉.၃ သို့ လင့်ခ်)
- တိုင်ကြားချက် ကိုင်တွယ်ဖြေရှင်းရေး မူဝါဒနှင့် လုပ်ငန်းစဉ်များတွင် အဖွဲ့အစည်းမှ မည်သို့ ဖြေရှင်းပုံနှင့် ဌာနတွင်းနှင့် ဌာနပြင် အစီရင်ခံရေးတာဝန်ခံမှုများကို ထည့်သွင်းထားရမည်။ (၁၁.၁၊ ၁၁.၂ နှင့် စံနှုန်း ၇ သို့ လင့်ခ်)
- အဖွဲ့အစည်းဆိုင်ရာ ဝန်ထမ်းခန့်ထားမှု၊ လူသားရင်းမြစ်များနှင့် စေတနာ့ဝန်ထမ်း မူဝါဒများတွင် တိကျသော ကလေးဘေးကင်းစေရေး အလေးထားမှု ပါရှိရမည်။ (၁၁.၁၊ ၁၁.၂ နှင့် စံနှုန်း ၆ သို့ လင့်ခ်)
- သင့်အဖွဲ့အစည်းသည် ပြင်ပအဖွဲ့များမှ အထောက်အပံများနှင့်/သို့မဟုတ် ဝန်ဆောင်မှုများ ရယူပါက ဝယ်ယူခြင်းမူဝါဒများတွင် ကလေးဘေးကင်းစေရေးကို အာမခံပေးရသည်။ (၁၁.၁၊ ၁၁.၂ နှင့် ၉.၄ သို့ လင့်ခ်)

---

[26] သင့်အဖွဲ့အစည်း၏ သဘောသဘာဝ သို့မဟုတ် ဝိသေသလက္ခဏာများအရ ဤလမ်းညွှန်တွင် အဆိုပြုထားသည်နှင့် မတူကွဲပြားစွာ သင် လုပ်ဆောင်ရန် လိုအပ်နိုင်ပါသည်။ အကယ်၍ ထိုသို့ဖြစ်ပါက သင်၏ ကိုင်တွယ်ဖြေရှင်းနည်းသည် ဤစံနှုန်းများ၏ ရလဒ်များနှင့် အနည်းဆုံးလိုအပ်ချက်များနှင့် မည်သို့ကိုက်ညီမှု ရှိကြောင်း ရှင်းပြရန် လိုအပ်နိုင်ပါသည်။ အချို့သော ကဏ္ဍများနှင့် အဖွဲ့အစည်းများတွင် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ရှိပြီး၊ ၎င်းမှ သီးခြားလမ်းညွှန် ထုတ်ပြန်နိုင်သည်။ ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့တစ်ခု၏ စံနှုန်းများအပေါ် လမ်းညွှန်သည် သင့်အဖွဲ့အစည်းအပေါ် သက်ရောက်မှုရှိပြီး၊ ဤလမ်းညွှန်နှင့် မကိုက်ညီသောအခါ သင့်အဖွဲ့အစည်းသည် ထိုကဏ္ဍရှိ သင်၏ လုပ်ငန်းဆောင်ရွက်မှုများအတွက် ပူးတွဲစည်းကမ်းထိန်းသိမ်းရေးအဖွဲ့၏ လမ်းညွှန်ကို လိုက်နာသင့်သည်။

## လုပ်ဆောင်ချက်များ

- ကလေးဘေးစေရေးနှင့်ပတ်သက်၍ ပုံမှန်ဆွေးနွေးတိုင်ပင်ခြင်းကို သင့်အဖွဲ့အစည်းအတွင်း ပါဝင်သူများနှင့် ဆောင်ရွက်ရမည်။ (၁၁.၃ နှင့် စံနှုန်း ၃ နှင့် ၄ သို့ လင့်ခ်များ)
- အဖွဲ့အစည်းသည် ကလေးဘေးကင်းစေရေးနှင့် ပတ်သက်သော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ရန်၊ သုံးသပ်ရန်နှင့် မွမ်းမံရန်အတွက် ဆွေးနွေးတိုင်ပင်မှုများမှရရှိသည့် အကြံပြုချက်များနှင့် ကလေးဘေးကင်းစေရေးနှင့် ကျန်းမာရွှင်လန်းစေရေး ဖန်တီးခြင်းနှင့်ပတ်သက်၍ ရရှိနိုင်သော အချက်အလက်များကို အသုံးပြုရမည်။ (၁၁.၃)
- အဖွဲ့အစည်း၏မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် ကလေးဘေးကင်းရေးစံနှုန်းအားလုံးကို လွှမ်းခြုံပြီး အဖွဲ့အစည်းနှင့် ၎င်းပတ်ဝန်းကျင်နှင့် သက်ဆိုင်သော ကလေးဘေးကင်းစေရေးဆိုင်ရာ ဘေးအန္တရာယ်များကို ဖြေရှင်းပေးရမည်။ (၁၁.၁)
- မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများမှာ နားလည်လွယ်ပြီး အလွယ်တကူ ရရှိနိုင်ရမည်။ (၁၁.၂)

ဤကော်မရှင်သည် ဗစ်တိုးရီးယားတစ်ခွင်ရှိ ရိုးရာ မြေပိုင်ရှင်များကို လေးစားစွာ အသိအမှတ်ပြု ချီးကျူးဂုဏ်ပြုသည့်အပြင် ၎င်းတို့၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်မျိုးဆက် ရပ်မိရပ်ဖများ၊ ကလေးများနှင့် လူငယ်များကို ဦးညွှတ်ပါသည်။

© ကလေးနှင့် လူငယ်များဆိုင်ရာကော်မရှင် ၂၀၂၃

ဤစာတမ်းတွင် မူပိုင်ခွင့် ရှိသည်။ *မူပိုင်ခွင့် အက်ဥပဒေ ၁၉၆၈ အရ* ခွင့်ပြုထားသည့် အသုံးပြုမှုမှလွဲ၍၊ ကလေးနှင့်လူငယ်များဆိုင်ရာကော်မရှင် Level 18, 570 Bourke Street, Melbourne 3000 ၏ ခွင့်ပြုချက်စာ မရရှိဘဲ မည်သည့်နည်းလမ်းနှင့်ဖြင့် မည်သည့်အပိုင်းကိုမျှ ကူးယူခွင့်မပြုပါ။

**ကလေးနှင့်လူငယ်များဆိုင်ရာကော်မရှင်**

Level 18, 570 Bourke Street

Melbourne, Victoria, 3000

DX210229

ဖုန်း – ၁၃၀၀ ၇၈ ၂၉ ၇၈
အီးမေးလ် – contact@ccyp.vic.gov.au
ဝက်ဘ် – ccyp.vic.gov.au

ကျွန်တော်တို့ကို အောက်တွင် ရှာပါ–
Instagram

Facebook

Twitter